**KEY STATEMENTS FOR THE 2025 THANKSGIVING BLENDING CONFERENCE**

**ယနေ့ ကျွန်ုပ်တို့လိုအပ်နေသည်မှာ အသက်ရှင်သောကြယ်အဖြစ် ကောင်းကင်ဆိုင်ရာခရစ်တော်၏**
**ခေတ်နှင့်အညီဖြစ်သော၊ ချက်ချင်းဖြစ်သော ရှုပါရုံ၊ အသက်ရှင်သော ရှုပါရုံ ဖြစ်သည်။**

**လက်တွေ့ကျသော မောနွေလသည် ကျွန်ုပ်တို့၏ဝိညာဉ်၌**
**ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား၏မျက်မှောက်တော် တည်းဟူသော**
**စစ်မှန်ခြင်း၏ဝိညာဉ်တော် ဖြစ်တော်မူသည်။ ကိုယ်တော်၏မျက်မှောက်တော်သည်**
**တစ်နေ့ပြီးတစ်နေ့ သာမက တစ်ချိန်ပြီးတစ်ချိန် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကျွန်ုပ်တို့နှင့်အတူ အမြဲရှိတော်မူသည်။**

**ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ အရှင်းလင်းဆုံး ဖွင့်ပြခြင်းမှာ မဿဲ ၂၈း၁၉ ဖြစ်သည်၊**
**“ထို့ကြောင့် သင်တို့ သွား၍ လူမျိုး တကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊**
**ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမအထဲသို့**
**ဗတ္တိဇံကို ပေးကြလော့။”**

**စကြဝဠာ၌ ကြီးမားသော မှုအလေ့အလာနှစ်ခုရှိသည် -**
**ဘုရားသခင်၏အခွင့်အာဏာနှင့် စာတန်၏ ပုန်ကန်ခြင်း ဖြစ်သည်။**
**ဘုရားသခင်နှင့် စာတန်အကြား အတုမဲ့သော အငြင်းပွားမှုမှာ**
**အခွင့်အာဏာနှင့် သက်ဆိုင်သည်။**

*© 2025 Living Stream Ministry*

**Outline of the Messages**
**for the Thanksgiving Blending Conference**
**November 27-30, 2025**

**GENERAL SUBJECT:**
**မဿဲစာစောင်၌ ဖွင့်ပြထားသည့်အတိုင်း**
**အရာအားလုံးပါဝင်သောခရစ်တော်**

Message One

## အသက်ရှင်သောကြယ်အဖြစ် ကောင်းကင်ဆိုင်ရာခရစ်တော်၏ ခေတ်နှင့်အညီဖြစ်သော၊ ချက်ချင်းဖြစ်သော၊ အသက်ရှင်သော ရူပါရုံ

ဖတ်ရန်ကျမ်း။ ။ မ၊၂း၁-၁၂။ တောရင်း၊၂၄း၁၇။ က၊၁း၁၄-၁၉။ ဒံ၊၁၂း၃။
ဗျာ၊၁း၁၆၊ ၂၀။ ၂း၁၊ ၂၈။ ၃း၁။ ၂၂း၁၆။ ၂ပေ၊၁း၁၉။ က၊၂၂း၁၇။ ယု၊၁၂-၁၃

**I. ယေရှုသည် ဗက်လင်မြို့၌ မွေးဖွားလာပြီးနောက်တွင် အရှေ့ပြည်မှ မာဂုပညာရှိတို့သည် ယေရုရှလင်မြို့သို့ရောက်လာ၍ "ယခု ဖွားမြင်သော ဂျူးလူမျိုး၏ ရှင်ဘုရင်သည် အဘယ်မှာနည်း၊ သူ၏ကြယ် ပေါ်ထွန်းသည်ကို ငါတို့ မြင်ရသည်ဖြစ်၍ ကိုးကွယ်ပူဇော်ခြင်းငှာ ရောက်လာပြီဟု မေးမြန်းပြောဆိုကြ၏" (မ၊၂း၂)။ ဤအရာသည် တောရင်းတော်ဝင် ၂၄း၁၇ ၏ ပြီးပြည့်စုံခြင်းဖြစ်သည်၊ ယင်းက "ကြယ်တစ်လုံးသည် ယာကုပ်ထဲမှ ပေါ်ထွန်း၍"ဟု ပြောထားသည်။ ဤကြယ်သည် ခရစ်တော်ကို ရည်ညွှန်းသည်။**

A. မာဂုပညာရှိတို့က "ကြယ်*တစ်လုံး*ကို ငါတို့မြင်သည်" သို့မဟုတ် "*ထို*ကြယ်ကို ငါတို့မြင်သည်" ဟုမပြောဘဲ၊ "*သူ၏* ကြယ်ကို မြင်ရသည်" ပြောခဲ့ကြသည်။ ထိုကြယ်သည် ကောင်းကင်ဆိုင်ရာ ခရစ်တော်ဖြစ်သည်။

B. မဿဲ ၂း၂ က ပြောထားသည့် ကြယ်သည် ဤပညာတတ်လူများထံ ပြသပေးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အစ္စရေးရှိ လူများမှ မည်သူ့ထံသို့မျှ မပေါ်လာခဲ့ပေ။ ဂျူးလူမျိုးတို့တွင် ခရစ်တော်နှင့်စပ်လျဉ်းသည့် ကျမ်းစာတော်မြတ် ရှိကာ၊ ကိုယ်တော်သည် မည်သည့်နေရာတွင် ဖွားမြင်မည်ကို သိခြင်းရှိကြသော်လည်း (အငယ်၊၄-၆)၊ မာဂုပညာရှိတို့က ခရစ်တော်၏ကြယ်ကို မြင်ခဲ့ကြခြင်း ဖြစ်သည်။

C. ဂျူးလူမျိုးတို့တွင် ခရစ်တော် မွေးဖွားလာမည့်နေရာနှင့် စပ်လျဉ်း၍ စာသက်သက်၌ အသိပညာ ရှိကြသည် (မိက္ခာ၊၅း၂)၊ သို့သော် ဤအရှေ့ပြည်မှ ပညာတတ်များသည် ကိုယ်တော်၏ အသက်ရှင်သော ရူပါရုံကို ရရှိခဲ့ကြသည်။ နောက်ဆုံးတွင် ကြယ်သည် ခရစ်တော်ရှိနေသည့်နေရာသို့ သူတို့ကို ဦးဆောင်သွားခဲ့သည် (မ၊၂း၁-၁၂)။

D. ခရစ်တော်သည် စစ်မှန်သော နေမင်းဖြစ်သည် (မာလ၊၄း၂)၊ သို့သော် တင်းကျပ်စွာဆိုရလျှင် ကိုယ်တော်သည် ညအမှောင်ခေတ်အတွင်း နေအဖြစ် ပေါ်ထွန်းလာခြင်းမရှိပါ။ ထိုအစား ကိုယ်တော်သည် ကြယ်အဖြစ် ထွန်းလင်းသည် (ဗျာ၊၂း၂၈)။ ကြယ်သည် ညတွင် ထွန်းလင်းသည်၊ သို့သော် ၎င်းက နေ့အချိန်ရောက်လာမည်ဖြစ်ကြောင်း ညွှန်ပြနေသည် (ရော၊၁၃း၁၁-၁၄)။

E. ခရစ်တော်သည် ပထမအကြိမ် ကြွလာသောအခါ ကိုယ်တော်သည် ကြယ်အဖြစ် ပွင့်လင်းစွာ ကြွလာခဲ့သည်၊ သို့သော် ကိုယ်တော် ဒုတိယအကြိမ် ကြွလာသောအခါ သူသည် ကိုယ်တော်ကြွလာခြင်းကို စောင့်မျှော်နေသော သူ၏အောင်မြင်သောသူများအဖို့ မိုးသောက်ကြယ် (ဗျာ၊၂း၂၈။ ၂၂း၁၆) ဖြစ်လိမ့်မည်ဖြစ်သည်။ အခြားသူများအားလုံးထံ ခရစ်တော်သည် နောက်ပိုင်းတွင် နေအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည် (မာလ၊၄း၂။ ညွှန်း၊ မ၊၁၃း၄၃)။

**II. မဿဲ ၂း၁-၁၂ တွင် ခရစ်တော်ကို ရှာတွေ့ခြင်းမှာ အသက်ရှင်သော အကြောင်းအရာဖြစ်ကြောင်း ဖွင့်ပြထားသည်။ ၎င်းသည် သမ္မာကျမ်းစာ၏ သြဝါဒဆိုင်ရာအသိပညာသက်သက် အကြောင်းအရာမဟုတ်ပေ။**

A. ကြယ်သည် သန့်ရှင်းသောပြည်ရှိ ဗိမာန်တော်မှ၊ ဂျူးဘာသာတရားအလယ်ဗဟိုမှ၊ ယဇ်ပုရောဟိတ်များ၊ ကျမ်းတတ်များ၊ ဖာရိရှဲများမှ၊ ဘာသာတရားဆိုင်ရာလူများအားလုံးမှ အဝေးတွင် ပေါ်ထွန်းခဲ့သည်။ ထိုအစား ကြယ်သည် တပါးအမျိုးသားတို့၏ ပြည်တွင် ခရစ်တော်၏တစ်စုံတစ်ရာကို ပြသခြင်း ရှိနေသည်။

B. သမ္မာကျမ်းစာကို ကျွန်ုပ်တို့လက်ထဲတွင် ကိုင်ထားပြီး၊ ခရစ်တော်သည် ဗက်လင်မြို့၌ မွေးဖွားလာမည်ဟု ပြောထားသော မိက္ခာ ၅း၂ ကို ဖတ်ရုံမျှသည် အလုပ်မဖြစ်ပါ။ ကျွန်ုပ်တို့၌ သမ္မာကျမ်းစာ ရှိကောင်းရှိမည်၊ သို့သော် ကောင်းကင်ဆိုင်ရာကြယ်နှင့် လွဲချော်သွားခြင်း ရှိကောင်းရှိနိုင်ပေသည်။

C. ကြယ်သည် အသက်ရှင်သော ဖွင့်ပြခြင်း၊ အသက်ရှင်သော ရူပါရုံဖြစ်ပြီး၊ ဟောင်းသော၊ သေနေသော ဩဝါဒဆိုင်ရာ ကျမ်းစာ အသိပညာမဟုတ်ပါ၊ မိက္ခာ ၅း၂ ကို အသေဖြစ်သော သိကျွမ်းခြင်း မဟုတ်ပါ။ ယနေ့ ကျွန်ုပ်တို့လိုအပ်နေသည်မှာ သမ္မာကျမ်းစာကို သိကျွမ်းခြင်းသက်သက်မျှသာမဟုတ်ဘဲ၊ ကောင်းကင်ဆိုင်ရာရူပါရုံ၊ ခေတ်နှင့်အညီဖြစ်သော၊ ချက်ချင်းဖြစ်သော ရူပါရုံ၊ အသက်ရှင်သော ရူပါရုံ၊ လူသားခံယူချက်များက မည်သည့်အခါမျှ မသွန်သင်နိုင်သည့် ရူပါရုံ ဖြစ်သည်။

D. ကျွန်ုပ်တို့၌ ကျမ်းစာကို သိကျွမ်းခြင်း ရှိခဲ့လျှင်လည်း၊ ကျွန်ုပ်တို့သည် ယေရှုရှိရာ ထိုလမ်းနှင့် ထိုအိမ်သို့ ဦးဆောင်ပေးမည့် ချက်ချင်းဖြစ်သော၊ ခေတ်နှင့်အညီဖြစ်သော အသက်ရှင်သော ကြယ်ကို လိုအပ်နေဆဲ ဖြစ်သည်။

E. အသက်ရှင်သောရူပါရုံကို မြင်ပြီးနောက် မာဂုပညာရှိတို့သည် သူတို့၏ လူသားခံယူချက်အားဖြင့် လမ်းလွဲခဲ့ကြပြီး၊ ဂျူးတိုင်းပြည်၏ မြို့တော် ယေရုရှလင်မြို့ ၎င်း၏ရှင်ဘုရင်ရှိနိုင်မည်ဟု ထင်ရသောနေရာသို့ သွားရောက်ခဲ့ကြသည်။ သူတို့ လမ်းလွဲခဲ့ကြခြင်းက သူငယ်ယောကျ်ားများစွာကို သေစေခြင်း ဖြစ်ခဲ့လေသည် - မ၂း၁၆။

F. သူတို့သည် ယေရုရှလင်မြို့သို့ရောက်၍ ဂျူးလူမျိုးတို့၏ ရှင်ဘုရင်သည် အဘယ်မှာ မွေးဖွားသနည်းဟု မေးမြန်းသောအခါ ကျမ်းစာက "ထိုစကားကို ကြားလျှင်၊ ရှင်ဘုရင် ဟေရုဒ်သည် ယေရုရှလင်မြို့သူမြို့သား အပေါင်းတို့နှင့်တကွ စိတ်ပူပန်ခြင်းသို့ ရောက်သဖြင့်" ဟု ပြောထားလေသည် - အငယ်၊၃။

1. သူတို့သည် ဤသတင်းကို ကြားသောအခါ သူတို့ ဝမ်းမြောက်ရွှင်လန်းခြင်း ရှိသင့်သည်။ ထိုအစား သူတို့သည် စိတ်ပူပန်ခြင်းရှိကြသည်။ ဤသည်မှာ အခြားအကြောင်းကြောင့်မဟုတ်ဘဲ၊ သူတို့သည် ကယ်တင်ရှင်ကို စစ်မှန်စွာ ရှာဖွေမှုမရှိခြင်း ကြောင့်ဖြစ်သည် - ညွှန်း၊ သု၊၄း၂၃။
2. သခင်ဘုရား၌ ယုံကြည်သောသူတစ်ဦးသည် သူ၏အတွင်းပိုင်း ခံစားချက်၌ ချစ်ခြင်းမေတ္တာအဖြစ် သခင်ဘုရားအားဖြင့် ထိတွေ့ခြင်းမခံရလျှင်၊ သူသည် ခရစ်ယာန်တစ်ဦးအဖြစ် ခေါ်ခြင်းမခံထိုက်ပါ - ၂တိ၊၄း၈။ မာ၊၁၂း၃၀။ ၁ကော၊၂း၉။
3. သခင်ဘုရားကို ကြွလာစေရန် မျှော်လင့်သော သို့မဟုတ် ချီဆောင်ခြင်းခံရန် မျှော်လင့်သော ခရစ်ယာန်တစ်ဦးသည် ဤအရာကို သတိပေးချက်အဖြစ် ယူဆောင်သင့်သည် - ၂တိ၊၄း၈။ တိ၊၂း၁၃။ ဗျာ၊၂း၂၈။ ၂၂း၂၀။ မ၊၂၄း၄၀-၄၄။ ၂၅း၈-၁၃။

G. မာဂုပညာရှိများသည် ကျမ်းစာအားဖြင့် တည့်မတ်ပေးခြင်းခံရပြီးနောက် (၂း၄-၆)၊ သူတို့သည် ဗက်လင်မြို့သို့ သွားခဲ့ကြပြီး (အငယ်၊၈-၉)၊ ကြယ်သည် သူတို့ထံ တစ်ဖန် ပေါ်ထွန်းလာ၍ ခရစ်တော်ရှိသည့်နေရာသို့ သူတို့ကို ဦးဆောင်သွားခဲ့သည်၊ "ထိုကြယ်ကို မြင်သောအခါ၊ အလွန် ဝမ်းမြောက်ဝမ်းသာခြင်း ရှိကြ၏" (အငယ်၊၁၀)။

1. မာဂုပညာရှိတို့သည် ကျမ်းစာအားဖြင့် တည့်မတ်ခံရပြီး၊ မှန်ကန်သည့်လမ်းကြောင်းပေါ် ပြန်ရောက်လာကြသည့်အခါ ကြယ်သည် သူတို့ထံ တစ်ဖန် ပေါ်လာခဲ့သည်။ အသက်ရှင်သော ရူပါရုံသည် အမြဲပင် ကျမ်းစာနှင့်အတူ ဒွန်တွဲပါရှိသည်။
2. ယဇ်ပုရောဟိတ်များသည် ပညတ်တရားကို လူတို့အား သွန်သင်သူများ ဖြစ်ကြပြီး (မာလ၊၂း၇)၊ ကျမ်းတတ်များသည် ကျမ်းစာကို သိကျွမ်းသောသူများဖြစ်ကြသည် (ဧဇ၊၇း၆)။ ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်များနှစ်ခုလုံးက ခရစ်တော် ၏ မွေးဖွားခြင်းနှင့်စပ်လျဉ်းသည့် အသိပညာရှိကြသော်လည်း (မ၂း၅-၆)၊ အရှေ့အရပ်မှ မာဂုပညာရှိတို့နှင့်မတူဘဲ သူတို့ သည် ရူပါရုံကို မမြင်ကြရသလို၊ ခရစ်တော်ကို ရှာဖွေဖို့ စိတ်နှလုံးလည်း မရှိကြပေ။
3. ကျွန်ုပ်တို့သည် မည်မျှပင် "ကျမ်းစာဆိုင်ရာ" ဖြစ်နေပါစေ၊ သခင်ဘုရား၏မျက်မှောက်တော်ကို ဆုံးရှုံးနေမည်ဆိုလျှင် ကျွန်ုပ်တို့ လုံးလုံးလျားလျား မှားနေပါသည်။ သခင်ဘုရားကို ရှာဖွေရန်နှင့် နောက်တော်လိုက်ရန် ဓမ္မသစ်နည်းလမ်းမှာ ကိုယ်တော်၏ ဝှက်ထားသော မျက်မှောက်တော်၌ စဉ်ဆက်မပြတ် နေခြင်းပင် ဖြစ်သည် - ယော၊၅း၃၉-၄၀။ ဟေရှာ၊ ၄၅း၁၅။ ထွ၊၃၃း၁၁၊ ၁၄။ ညွှန်း၊ ၂ကော၊၅း၁၆။
4. ကျမ်းစာဆိုင်ရာ အသိပညာကို ရှာဖွေစုဆောင်ထားရန်မှာ လွယ်ကူပါသည်၊ သို့သော် ကျွန်ုပ်တို့၌ အသက်ရှင်သော လမ်းညွှန်မှု ရှိလိုလျှင် ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ ရင်းနှီးကျွမ်းဝင်သော ဆက်နွယ်မှု၌ အသက်ရှင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ သည် ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝ ဖြစ်ရမည်ဖြစ်သည် - မ၊၂း၁၀-၁၄။
5. မာဂုပညာရှိတို့သည် ခရစ်တော်ကို မြင်ခဲ့ကြပြီး၊ ကိုယ်တော်ကို ကိုးကွယ်ခဲ့ကြသည်။ ထိုနောက် သူတို့သည် ဘုရားသခင်က အိပ်မက်၌ ဟေရုဒ်ဆီသို့ ပြန်မသွားရမည့်အကြောင်း သတိပေးခံရပြီး၊ သူတို့၏ တိုင်းပြည်သို့ "အခြားသောလမ်းဖြင့်" ပြန်

သွားခဲ့ကြသည် (အငယ်၊၁၂)။ ကျွန်ုပ်တို့သည် ခရစ်တော်ကို မြင်ပြီဆိုလျှင်၊ ခရစ်တော်မှ ကင်းကွာလျက် တူညီသောလမ်း၊ ဘာသာတရားနည်းလမ်းကို ဘယ်တော့မှ မယူဆောင်တော့ဘဲ၊ အခြားသောလမ်းကို အမြဲ ယူဆောင်လိမ့်မည်ဖြစ်သည်။

**III. ခရစ်တော်၏ သစ္စာရှိသော နောက်လိုက်များသည် ထွန်းလင်းသော၊ အသက်ရှင်သော ကြယ်များ ဖြစ်ကြပြီး၊ ကိုယ်တော်၏ ပုံတူမှုပွား ဖြစ်ရန် ထွန်းလင်းသော၊ အသက်ရှင်သော ကြယ်အဖြစ် ခရစ်တော်နောက်လိုက်သူများ ဖြစ်ကြသည် - ဒံ၊၁၂း၃။ ဩွန်း၊ ကၤ၂၂း၁၆။**

A. အသက်ရှင်သောကြယ်များသည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်သော ခရစ်တော်၏ ကောင်းကင်ဆိုင်ရာ၊ အသက်ရှင်သော၊ ခေတ်နှင့်အညီဖြစ်သော၊ ချက်ချင်းဖြစ်သော ရူပါရုံနောက်ကို လိုက်ကြသည် - တ၊ ၂၆း၁၆-၁၈။ ကော၊၁း၁၇၊ ၁၈။

B. အသက်ရှင်သောကြယ်များသည် ဘုရားသခင်၏လူများကို ကောင်းချီးပေးသောသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူများအတွက် သခင်ဘုရားကို ချီးမွမ်းလေလေ၊ ယုံကြည်ခြင်း၌ သူတို့ကို ချီးကျူးစကားပြောလေလေ၊ ကျွန်ုပ်တို့ သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏ကောင်းချီးမင်္ဂလာအောက်တွင် ထားရှိလေလေဖြစ်သည် - စာရင်း၊၂၄း၉။ က၊၁၂း၂-၃။ ၂၂း၁၇။

C. အသက်ရှင်သောကြယ်များသည် ကျမ်းစာ၏ ပရောဖက်ပြုချက်စကားကို “မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးကဲ့သို့” အလေးထားကြသည်၊ ထိုသို့ဖြင့် မိုးသောက်ကြယ်အဖြစ် ခရစ်တော်သည် သူတို့၏စိတ်နှလုံးများ၌ တစ်နေ့ပြီးတစ်နေ့ ပေါ်ထွန်း လာနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာရှိ စကားတော်ကို အလေးထားကြမည်ဆိုလျှင်၊ မိုးသောက်ကြယ်အဖြစ် ကိုယ်တော်အမှန်တကယ် ပေါ်ထွန်းလာချိန်မတိုင်မီ၊ ယနေ့ ကျွန်ုပ်တို့ရှိရာနေရာတွင် အယူလွဲသော မှောင်မိုက်ကာလ၌ ထွန်းလင်း ရန် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ကိုယ်တော်ပေါ်ထွန်းခြင်းရှိမည်ဖြစ်သည် - ၂ပေ၊၁း၁၉။ ယော၊၆း၆၃။ ဗျာ၊၂း၂၈။ ၂၂း၁၆။ ၂တိ၊၄း၈။

1. မိုးသောက်ကြယ်၏ မူအလေ့အလာ၌ ခရစ်ယာန်တစ်ဦးသည် နံနက်စောစော နိုးထခြင်းရှိသင့်သည်၊ အကြောင်းမှာ နံနက် စောစောသည် သခင်ဘုရားကို တွေ့ဆုံရန် (ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရန်၊ ချီးမွမ်း၍ သီချင်းဆိုရန်၊ သမ္မာကျမ်းစာကို အမှုတော်နှင့်အတူ ဆုတောင်းဖတ်ရန်၊ သခင်ဘုရားထံသို့ ဆုတောင်းရန်) အကောင်းဆုံးသောအချိန်ဖြစ်သည် - သီ၊၇း၁၂။ ဆာ၊၅း၁-၃။ ၅၇း၁၆-၁၇။ ၆၃း၁-၈။ ၉၀း၁၄။ ၉၂း၁-၂။ ၁၀၈း၂-၃။ ၁၄၃း၈။ ထွ၊၁၆း၂၁။

2. သခင်ဘုရားသည် ကိုယ်တော်ကို ချစ်သောသူ၊ ကိုယ်တော်ကို စောင့်ကြည့်၍ စောင့်မျှော်သောသူတို့ထံ မိုးသောက်ကြယ် အဖြစ် မိမိကိုယ်တော်တိုင်ကို လျှို့ဝှက်စွာ ပေးအပ်မည်ဖြစ်သည်၊ သို့မှသာ သူတို့သည် ကာလကြာရှည်စွာဝေးကွာပြီး နောက် ကိုယ်တော်ပြန်ကြွလာခြင်း၌ ကိုယ်တော်၏ မျက်မှောက်တော် လန်းဆန်းသစ်လွင်ခြင်းကို မြည်းစမ်းနိုင်ကြမည် ဖြစ်သည် - ၁သက်၊၅း၆။ ဗျာ၊၂း၂၈။ ၃း၂-၃။ ၁၆း၁၅။

D. အသက်ရှင်သောကြယ်များသည် အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြပြီး၊ ကိုယ်တော်နှင့် ပြည့်ကြကာ၊ ကိုယ်တော်သည် သူတို့အား ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အရှိန်မြှင့်တင်လျက် အသက်ရှင်ခြင်းနှင့် အရှိန်မြှင့်တင်လျက် ထွန်းလင်းခြင်း ရှိစေသည် - ၃း၁၊ ၄း၅။ ၅း၆။

E. အသက်ရှင်သောကြယ်များသည် အသင်းတော်များ၏ တမန်များဖြစ်ကြပြီး၊ ဘုရားသခင်၏တမန်နှင့် ဘုရားသခင်ထံမှ လန်း ဆန်းသစ်လွင်သော သတင်းစကားအဖြစ် နျူမက်တစ်ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်၍ တွေ့ကြုံခံစားကြသည်၊ ထိုသို့ဖြင့် သူတို့သည် ယေရှု၏သက်သေခံချက်အတွက် လန်းဆန်းသော၊ လက်ရှိဖြစ်သော ခရစ်တော်ကို ဘုရားသခင်၏လူများအထဲသို့ ဝေငှဖြန့်ဖြူးနိုင်ကြပေသည် - ၁း၁၆၊ ၂၀။ ၂း၁။ မာလ၊၃း၁-၃။

F. အသက်ရှင်သောကြယ်များသည် “ကြီးစွာ စိတ်နှလုံးပြဌာန်းခြင်းများ”နှင့် “ကြီးစွာ စိတ်နှလုံးရှာဖွေခြင်းများ” ရှိကြသည်။ သူတို့ သည် ဘုရားသခင်၏ ချစ်သူများဖြစ်ပြီး၊ “မိမိတို့လမ်းကြောင်းမှ ကြယ်များ” ကဲ့သို့ ကိုယ်တော်၏ရန်သူကို ဘုရားသခင်နှင့်အတူ ဆန့်ကျင်တိုက်ခိုက်ကြသူများ ဖြစ်ကြသည်၊ ထိုသို့ဖြင့် သူတို့သည် “အစွမ်းတန်ခိုးဖြင့် ထွက်ပေါ်လာသော နေကဲ့သို့” ဖြစ်ကြ၍၊ “မိမိတို့အဖ၏ နိုင်ငံတော်၌ နေကဲ့သို့ ထွန်းလင်းခြင်း”ရှိသောသူများ ဖြစ်ကြမည်ဖြစ်သည် - သူကြီး၊၅း၁၅-၁၆၊ ၂၀၊ ၃၁။ ဒံ၊၁၁း၃၂။ မ၊၁၃း၄၃။

G. အသက်ရှင်သောကြယ်များသည် ယေဟောဝါကို ကြောက်ရွံ့သောသူများ၊ ကိုယ်တော့်အစေခံ၏ အသံတော်ကို ကြားသောသူ များ၊ ယေဟောဝါ၌ ကိုးစားသူများ ဖြစ်ကြသည်၊ ထိုသို့ဖြင့် သူတို့သည် မှောင်မိုက်၌ လျှောက်လှမ်းစဉ် အလင်းကို ရရှိမည်ဖြစ် သည် - ဟေရှာ၊၅၀း၁၀-၁၁။ ဆာ၊၁၃၉း၇-၁၂၊ ၂၃-၂၄။

1. မိမိတို့ကိုယ်အဖို့ အလင်းကို လုပ်သောသူများ၊ ဘုရားသခင်၏အလင်း၌ရှိရမည့်အစား မိမိကိုယ်ပိုင်လုပ်သော အလင်း၌ လျှောက်လှမ်းသောသူများသည် စိတ်ဆင်းရဲခြင်းကို ခံစားကြရမည်ဖြစ်သည် - ဟေရှာ၊၅၀း၁၁။
2. ဤအရာသည် ကျွန်ုပ်တို့ထံ သတိပေးချက်ဖြစ်သင့်ပါသည်၊ သို့မှသာ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်အဖို့ လုပ်ထားသောအလင်း၌မဟုတ်ဘဲ၊ ဘုရားသခင်ပေးထားသော အလင်း၌ လျှောက်လှမ်းကြပေမည်၊ "လာကြလော့။ ယေဟောဝါ၏ အလင်းတော်၌ လျှောက်လှမ်းကြကုန်အံ့" (၂း၅)။

H. အသက်ရှင်သောကြယ်များသည် ကိုယ်တော်၏ ထပ်တိုးဖန်ဆင်းခြင်းနှင့်အတူ ဘုရားသခင်၏ ပြန်လည်ပြုပြင်ရယူခြင်း၏ စတုတ္ထနေ့တွင် တည်စေခဲ့သော ကြယ်များအားဖြင့် ပုံဆောင်ထားပြီး၊ ယင်း၌ သူတို့သည် သူတို့၏ထွန်းလင်းခြင်းအားဖြင့် အုပ်စိုးနေကြသည်။ ထွန်းလင်းခြင်းရှိသောနေရာတွင် အသက်၏ကြီးထွားခြင်းအတွက် အုပ်စိုးခြင်း ရှိနေသည် - က၊၁း၁၄-၁၉။

1. အဆင်းသဏ္ဌာန်ပြောင်းလဲသောတောင်ပေါ်မှာ သခင်ယေရှု၏ ထွန်းလင်းတောက်ပခြင်းသည် တန်ခိုးတော်၌ နိုင်ငံတော်၏ ကြွလာခြင်း ဖြစ်သည်။ ဤထွန်းလင်းတောက်ပခြင်းသည် အမှန်စင်စစ် သုံးပါးတစ်ပါးဘုရား၏ အုပ်စိုးသော မျက်မှောက်တော် ဖြစ်သည် - မ၊၁၇း၁-၈။ မာ၊၉း၁-၈။
2. ဘုရားသခင်၏အုပ်စိုးခြင်း၊ ဘုရားသခင်၏စိုးစံခြင်းအဖြစ် ၎င်း၏ကောင်းချီးမင်္ဂလာများနှင့် မွေ့လျော်ဝမ်းမြောက်မှု အားလုံးနှင့်အတူ ဘုရားသခင်၏နိုင်ငံတော်သည် သခင်ယေရှု၏ ထွန်းလင်းခြင်းနှင့် ကျွန်ုပ်တို့အပေါ် ထွန်းလင်းခြင်းအားဖြင့် သခင်ယေရှု၏ ပျံ့နှံ့တိုးပွားခြင်း ဖြစ်သည်။
3. နိုင်ငံတော်သည် သခင်ယေရှု၏ စစ်မှန်ခြင်း ထွန်းလင်းခြင်းပင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ် ထွန်းလင်း၍ ကျွန်ုပ်တို့သည် ထိုထွန်းလင်းခြင်းအောက်မှာ ရှိသောအခါတိုင်း၊ ကျွန်ုပ်တို့၏ အသက်ကြီးထွားခြင်းအတွက် ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏အုပ်စိုးခြင်းနှင့် စိုးစံခြင်းအောက်တွင် နိုင်ငံတော်၌ ကျွန်ုပ်တို့ ရှိကြခြင်းပင် ဖြစ်သည်။

I. အနုတ်လက္ခဏာဘက်၌ "ကြယ်ပျံများ"ဖြစ်သောသူ အချို့လည်း ရှိနေသည် - ယု၊၁၂-၁၃။

1. ကြယ်ပျံများ၏ တင်စားဖော်ပြချက်မှာ မှားယွင်းသော သွန်သင်သူများ၊ အယူတိမ်းသော သူများတို့သည် ကောင်းကင်ဆိုင်ရာ ဖွင့်ပြခြင်း၏ မပြောင်းလဲသော သမ္မာတရားများ၌ ခိုင်ခံ့စွာ စွဲမြဲခြင်းမရှိဘဲ၊ ဘုရားသခင်၏ ကြယ်နှင့်တူသော လူများအကြား လှည့်လည်နေခြင်းကို ရည်ညွှန်းသည်။
2. မှားယွင်းစေသော အယူတိမ်းသူများသည် ယနေ့ ကြယ်ပျံများဖြစ်ကြပြီး၊ နောက်ဆုံးတွင် သူတို့သည် တခဲနက်သော မှောင်မိုက်၌ အကျဉ်းချခံရမည်ဖြစ်သည်၊ ယင်းမှာ ထာဝရကာလပတ်လုံး သူတို့အဖို့ သိုထားသည့်အရာဖြစ်သည်။
3. ဒေသန္တရအသင်းတော်များသည် ဘုရားသခင့်စီမံကိန်း၏ ပန်းတိုင်မဟုတ်ကြောင်း၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း ပန်းတိုင်သို့ ရောက်ရှိစေမည့် လမ်းကြောင်းမှန်သာဖြစ်ကြောင်း သွန်သင်ခြင်း မပြုသောသူမှန်သမျှသည် မျက်မှောက်ခေတ် ဘုရားသခင်၏အမှုတော် လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိပေ။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအတွက် အသင်းတော်များ၏ ပေါင်းစည်းခြင်းမှ ကျွန်ုပ်တို့ကို တားဆီးသော မည်သူမဆို ကြယ်ပျံများ ဖြစ်သည်။ စစ်မှန်သော ကြယ်သည် များစွာသောသူတို့ကို ဖြောင့်မတ်ခြင်းသို့ လှည့်ပြန်စေသူဖြစ်ပြီး၊ လူများကို လမ်းမလွဲစေဘဲ၊ မှန်သောလမ်းသို့ လှည့်ပြန်စေသူများ ဖြစ်ကြသည်။
4. ယနေ့ အသက်ရှင်သောကြယ်နှင့် အသက်ရှင်သောကြယ်များသည် ကျွန်ုပ်တို့ထံမှ မဝေးပါ - သူတို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ လက်တွေ့ကျသော ထင်ရှားခြင်းအဖြစ် ဒေသန္တရအသင်းတော်များ၌၊ ယင်းနှင့်အတူ ရှိနေသည် (ဗျာ၊၁း၁၁၊ ၂၀)။ ဒေသန္တရအသင်းတော်များအလယ်တွင် အသက်ရှင်သော ကြယ်အချို့ ရှိကြပါသည်။ ကျွန်ုပ်တို့သည် သူတို့ကို ဆက်သွယ်ရန်နှင့် သူတို့နှင့်အတူ ပူးပေါင်းပါဝင်ရန်သာ လိုအပ်သည်။ သူတို့သည် ကျွန်ုပ်တို့ကို ယေရှုရှိရာနေရာသို့ ဦးဆောင်ပေးလိမ့်မည်။

J. သခင်ဘုရားသည် ကျွန်ုပ်တို့အပေါ် ကရုဏာတော်သက်ရောက်၍၊ ကျွန်ုပ်တို့သည် သခင်ဘုရားကို တွေ့ဆုံရန်၊ ကိုယ်တော်ကို ကိုးကွယ်ရန်၊ ကိုယ်တော်ထံ ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို ပူဇော်ရန် မှန်သောလမ်း၌ အမြဲပင် စောင့်ထိန်းခံရပါစေသော။ သခင်ဘုရားသည် ကျွန်ုပ်တို့အားလုံးကို မာဂုပညာရှိများကဲ့သို့ ဖြစ်စေ၍၊ အသက်ရှင်သောကြယ်နောက်သို့ လိုက်လျက်၊ အသက်ရှင်သောကြယ်များအဖြစ် ကိုယ်တော်၏ပုံတူမှုပွားဖြစ်လာရန်အလို့ငှာ ခရစ်တော်ကို ရှာဖွေရန်နှင့် အသစ်သော ရှာဖွေတွေ့ရှိမှုများ ရှိစေပါစေသော - ညွှန်း၊ ဧ၊၅း၈-၉။ ယေ၊၁၅း၁၆က။

© 2025 Living Stream Ministry

**ဘုရားသခင်၏ကောင်းချီးမင်္ဂလာလက်ခံရရှိရန် ဘုရားသခင်၏လူများကို ကောင်းချီးမင်္ဂလာပေးခြင်း**

"သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ / သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်" - က၊၁၂း၃က
"သင့်ကို ကောင်းချီးပေးသောသူသည် ကောင်းချီးမင်္ဂလာရှိ၏။ / သင့်ကို ကျိန်ဆဲသောသူသည် ကျိန်ဆဲခြင်းကို ခံရသည်" - စာရင်း၊၂၄း၉ခ

*CWWL, 1978,* vol. 1, "Fellowship with the Serving Ones, Volume One," p. 203:
သခင်ဘုရား၏အမြင်၌ အစည်းအဝေးများကို အပြစ်တင်ဝေဖန်ခြင်းမှာ ဆိုးညစ်ခြင်း၊ မစင်ကြယ်ခြင်းဖြစ်သည်။ သခင်ဘုရားက သင့်အား "ဤသည်မှာ ငါ၏ကိုယ်ခန္ဓာဖြစ်သည်။ သင်သည် အဘယ်သူနည်း။ ငါ့အသင်းတော်၏ အစည်းအဝေးအတွက် စံနှုန်းကို ချမှတ်ရသော အခွင့်ကို သင့်အား အဘယ်သူပေးသနည်း"ဟု ပြောလိမ့်မည်။ သင်က အစည်းအဝေးကို အပြစ်ရှာခြင်း တစ်စုံတစ်ခု ပြောသောအခါ သင်သည် တစ်လုံးတစ်ဝ ဖြစ်ခြင်းကို ချိုးဖျက်လိုက်ခြင်းဖြစ်သည်။ အခြားသူများက သင်၏ ကောင်းမွန်သောအစည်းအဝေး ထင်မြင်ချက်ကို မနှစ်သက်ဘူးဆိုကြပါစို့။ သင်က မည်သို့ပြောမည်နည်း။ ကျွန်ုပ်သည် အစည်းအဝေးကို မနှစ်သက်သော်လည်း ဤအရာကို ကွဲပြားခြင်းကို ဖြစ်စေကြောင်း ကျွန်ုပ်သိသောကြောင့် ကျွန်ုပ်သည် ဘာမျှ မပြောဝံ့ပါ။ ကျွန်ုပ်က အစည်းအဝေးကို မနှစ်သက်ပါဟု ပြောရအောင် ကျွန်ုပ်သည် အဘယ်သူနည်း။ သခင်ဘုရား၏ ကရုဏာတော် ထွန်းလင်းခြင်းသည် ကျွန်ုပ်တို့ထံသို့လည်းကောင်း၊ ချစ်ဖွယ်သောသူများစွာထံသို့လည်းကောင်း သက်ရောက်ပါစေသော်။

*Life-study of Exodus,* msg. 7, pp. 78-80:
၁၉၄၀ ခုနှစ် အစောပိုင်းက ရှန်ဟိုင်းရှိ ဆုတောင်းအစည်းအဝေးတစ်ခုတွင် တစ်စုံတစ်ရာဖြစ်ပျက်ခဲ့ပြီး၊ ၎င်းက ဘုရားသခင်၏လူများအား ကိုယ်တော်မည်သို့မြင်ကြောင်း သိမြင်စေရန် ကျွန်ုပ်ကို အကူအညီပေးပါသည်။ ထိုအစည်းအဝေး၌ အတွေ့အကြုံရှိသော ညီအစ်မလုပ်ဖော်ဆောင်ဖက်တစ်ဦးသည် အသင်းတော်၏ နိမ့်ကျနေသော အခြေအနေအားဖြင့် စိတ်ဒုက္ခရောက်ခဲ့ရပြီး၊ အသင်းတော်၏ကိုယ်စား သခင်ဘုရားထံသို့ အော်ဟစ် ကြွေးကြော်ခဲ့သည်။ သူမသည် ဆုတောင်းနေစဉ် အသင်းတော်၏ သနားစရာအခြေအနေကြောင့် သက်ပြင်းချခြင်းနှင့် ညည်းတွားခြင်းရှိနေခဲ့သည်။ သူမ ဆုတောင်းပြီးသောအခါ ညီအစ်ကိုနီးက သခင်ဘုရားကို ချီးမွမ်းခြင်းဖြင့် ကြွေးကြော်လျက်၊ အသင်းတော်သည် ဘယ်သောအခါမျှ အားနည်းခြင်း သို့မဟုတ် နိမ့်ကျခြင်းမရှိဘဲ၊ အမြဲပင် မြင့်မားလျက်ရှိခြင်းအတွက် ကိုယ်တော်ကို ကျေးဇူးတင်ချီးမွမ်းခဲ့သည်။ စည်းဝေးသူများသည် အံ့အားသင့်သွားကြသည်။ ထိုနောက် ညီအစ်ကိုနီးက အစ္စရေးအမျိုးသားများနှင့်စပ်လျဉ်း၍ ဗာလမ်၏ ပရောဖက်ပြုချက် ပုံဆောင်ချက်ကို နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့ကို ကူညီပေးခဲ့သည်။ ဗာလမ်သည် အစ္စရေးအမျိုးသားများကို ကျိန်ဆဲစေဖို့ ဗာလက်အားဖြင့် ငှားရမ်းခံရသည်။ သို့သော် ဘုရားသခင်၏လူများကို ကျိန်ဆဲရမည့်အစား ဗာလမ်က သူတို့ကို ကောင်းချီးပေးခဲ့သည်။ ဘုရားသခင်၏ကိုယ်စား စကားပြောလျက် ဗာလမ်က "ကိုယ်တော်သည် ယာကုပ်၌ ဒုစရိုက်အပြစ်ရှိသည်ဟုမမြင်၊ / အစ္စရေး၌ ဒုက္ခပြဿနာကို မမြင်" ဟု ပြောခဲ့သည် (စာရင်း၊၂၃း၂၁)။ ထို့မျှမက စာရင်းတော်ဝင် ၂၄း၅ တွင် ဗာလမ်က "အို ယာကုပ်၊ သင်တို့၏တဲများ၊ / အို အစ္စရေး၊ သင်တို့၏ တဲတော်များတို့သည် အဘယ်မျှလောက် တင့်တယ်ကြသည်တကား" ဟု ပြောခဲ့သည်။ ဤကျမ်းပိုဒ်များအရ ဘုရားသခင်သည် အစ္စရေးလူတို့၌ ဒုစရိုက်အပြစ် သို့မဟုတ် ဒုက္ခပြဿနာကို မမြင်ခဲ့ပေ။ ထိုအစား ကိုယ်တော်က ကောင်းမွန်ခြင်း၊ တင့်တယ်ခြင်းနှင့် လှပခြင်းကိုသာ မြင်တော်မူခဲ့သည်။ ယနေ့ အသင်းတော်နှင့် စပ်လျဉ်း၍လည်း ထိုသို့ အတူတူပင် ဖြစ်သည်။

အသင်းတော်သည် နိမ့်ကျသည် သို့မဟုတ် သေနေသည်ဟု မပြောပါနှင့်။ ဤသို့ ပို၍ပြောလေလေ သင်သည် မိမိကိုယ်ကို ကျိန်ခြင်းအောက်သို့ ထားရှိလေလေဖြစ်သည်။ သို့သော် အသင်းတော်အသက်တာအတွက် သခင်ဘုရားကို ချီးမွမ်း၍ ၎င်းနှင့်စပ်လျဉ်းပြီး ကောင်းသောစကားကို ပြောမည်ဆိုလျှင် သင်သည် မိမိကိုယ်ကို ဘုရားသခင်၏ကောင်းချီးမင်္ဂလာအောက်မှာ ထားရှိလိမ့်မည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်ရှိခဲ့စဉ်နှစ်များစွာအတွင်း အသင်းတော်အကြောင်းကို အနုတ်လက္ခဏာပြောဆိုသောသူ မည်သူတစ်ဦးမျှ ဘုရားသခင်၏ကောင်းချီးမင်္ဂလာအောက်မှာ ရှိခဲ့ကြောင်း ကျွန်ုပ် မမြင်ခဲ့ဖူးပါ။ ဆန့်ကျင်ဘက်အနေဖြင့် အသင်းတော်သည် သနားစဖွယ်ဖြစ်သည်၊ နိမ့်ကျသည် သို့မဟုတ် သေနေသည်ဟု ပြောဆိုသောသူအားလုံးသည် ကျိန်ခြင်းအောက်မှာ ရှိနေခဲ့ကြသည်။ အသင်းတော်အကြောင်း အပေါင်းလက္ခဏာ ပြောဆိုသော၊ အသင်းတော်သည် ချစ်ဖွယ်ကောင်းခြင်းနှင့် ၎င်းသည် ဘုရားသခင်၏အိမ်တော်ဖြစ်ကြောင်း မြွက်ဆိုကြေညာသောသူတို့သည် ကောင်းချီးမင်္ဂလာကို ရရှိကြသည်။ ဤအရာသည် ဩဝါဒမျှသာမဟုတ်ပါ၊ ၎င်းမှာ များစွာသော သန့်ရှင်းသူများ၏ အတွေ့အကြုံများအားဖြင့် သက်သေပြနိုင်သော သက်သေခံချက်ပင်ဖြစ်ပါသည်။

တစ်ခါတစ်ရံ ကျွန်ုပ်သည် အသင်းတော်အပေါ် စိတ်ပျက်လာပြီး၊ ၎င်းကို အပေါင်းလက္ခဏာ စဉ်းစားခြင်း မရှိသည့်အခါ အတွင်းမှ သခင်ဘုရားက ကျွန်ုပ်အား သတိထားနေရန် သတိပေးခဲ့လေသည်။ ချက်ချင်းပင် ကျွန်ုပ်သည် သခင်ဘုရားထံမှာ ကျွန်ုပ်ကို စင်ကြယ်စေဖို့ တောင်းလျှောက်ခဲ့ပြီး၊ အသင်းတော်သည် မည်မျှ အံ့သြဖွယ်ကောင်းကြောင်း စတင်ကြွေးကြော်ခဲ့သည်။ အသင်းတော်က ကျွန်ုပ်ကို ဒုက္ခပြဿနာပေးနေသော်ငြား လည်း ကျွန်ုပ်သည် အသင်းတော်ကို ချစ်နေဆဲဖြစ်သည်။ ဤသို့ အပေါင်းလက္ခဏာနည်း၌ ကျွန်ုပ်ပို၍ ပြောလေလေ၊ ကျွန်ုပ်သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာအောက်မှာ ပို၍ ရှိလေလေဖြစ်သည်။

အသင်းတော်အကြောင်း မည်သူ၏စကားသည် ပို၍ မှန်ကန်သနည်း၊ သင့်စကားလော သို့မဟုတ် သခင်ဘုရား၏စကားလော။ ထာဝရကာလတွင် သခင်ဘုရား၏စကားတော်သည် မှန်ကန်ကြောင်း သက်သေပြလိမ့်မည်၊ အကြောင်းမှာ ထာဝရကာလတွင် အသင်းတော်သည် အံ့သြဖွယ်ရာ၊ ဘုန်းထင်ရှားခြင်း၊ သာလွန်တက်ကြွခြင်း ရှိလိမ့်မည်ဖြစ်သည်။ အသင်းတော်နှင့်စပ်လျဉ်း၍ ရန်သူ၏ အပြစ်တင်စွပ်စွဲခြင်းများအားလုံးသည် အလိမ်အညာသာ ဖြစ်သည်။ အသင်းတော်သည် သနားစရာကောင်းသည် သို့မဟုတ် သေနေသည်ဟု ပြောခြင်းမှာ နတ်ဆိုးဆိုင်ရာအလိမ်အညာကို မြွက်ဟပြောဆိုခြင်းဖြစ်သည်။ အသင်းတော်သည် မြှင့်တင်ခြင်းခံရပြီး အလွန်ပင် ရှင်သန်နေသည်။ ညီအစ်ကိုနီးက ဗာလမ်၏ပရောဖက်ပြုချက်နှင့်စပ်လျဉ်းသည့် သန့်စွမ်းသည့်စကားပြောခြင်းအတွက် ကျွန်ုပ်သည် ကျေးဇူးတင်နေမိပါသည်။ ထိုစကားက အသင်းတော်၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်းသည့် ကျွန်ုပ်၏ ခံယူချက်ကို အပြည့်အဝ ပြောင်းလဲပေးလိုက်ပါသည်။ ထိုစကားကို ကျွန်ုပ်ရရှိခဲ့သည့်အချိန်မှစ၍ ကျွန်ုပ်သည် အသင်းတော်ကို လုံးလုံးလျားလျား ခြားနားသည့်အလင်း၌ မြင်ခဲ့ရပြီဖြစ်ပါသည်။

သခင်ဘုရားမြင်သည်ထက် ပို၍နက်လှစွာ မမြင်ပါနှင့်။ စာရင်းတော်ဝင်ကျမ်းရှိ ဗာလမ်၏စကားအရ သခင်ဘုရားသည် ယာကုပ်၌ ဒုစရိုက်အပြစ်ကို မြင်တော်မမူပါ။ သို့ဖြစ်လျှင် သင်သည် အဘယ်သို့ မြင်နေပါသနည်း။ သင်သည် ဘုရားသခင်ထက် ပို၍ ပညာရှိသလော သို့မဟုတ် ပို၍ ထိုးထွင်းသိမြင်နိုင်သလော။ သမ္မာကျမ်းစာက သခင်ဘုရားသည် အစ္စရေး၌ ဒုက္ခပြဿနာကို မြင်တော်မမူပါဟု ပြောထားသည်။ သို့သော် သင်က အသင်းတော်၌ ဒုက္ခပြဿနာကို မြင်ပါသည်ဟု ပြောဆိုဝံ့သည်။ အဘယ်အရာကို သင်ယုံဖို့ ရွေးချယ်မည်နည်း၊ သခင်ဘုရား၏အမြင်လော သို့မဟုတ် သင်၏အမြင်လော။ သခင်ဘုရား၏ အသင်းတော်ကို ရှုမြင်တော်မူခြင်းနှင့်အတူ ကျွန်ုပ်တို့ ရပ်တည်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာမှ ကျိန်ခြင်းအထဲသို့ ကျဆင်းသွားခြင်းမှ ကျွန်ုပ်တို့ စောင့်ထိန်းခံရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့က အသင်းတော်ကို မည်သို့ ဆက်ဆံဖြေရှင်းနေသည်ကို ကျွန်ုပ်တို့အားလုံး အလေးထားဂရုပြုကြပါစေသော်။

© 2025 Living Stream Ministry

Message Two

## သမားတော်နှင့် သတို့သားဖြစ်သော ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ မ၊၉း၁၀-၁၃၊ ၁၅။ ဗျာ၊၁း၇-၉

**I. မဿဲဧဝံဂေလိစာစောင်က ခရစ်တော်သည် ဘာသာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း၊ ခရစ်တော်နှင့် စပ်လျဉ်းသောအရာများသည် ဘာသာတရား အပြင်ဘက်တွင်သာ ရှိကြောင်း ဖွင့်ပြထားသည်။**

A. ခရစ်တော်၏မွေးဖွားခြင်း၊ ခရစ်တော်ကို ရှာဖွေခြင်း၊ ခရစ်တော်ကို ထောက်ခံပေးခြင်းနှင့် ခရစ်တော်နောက်လိုက်ခြင်း အားလုံးတို့သည် ဘာသာတရား၏ အပြင်ဘက်တွင် ရှိသည် - ၁း၁၈-၂၃။ ၂း၁-၁၂။ ၃း၁-၁၂။ ၄း၁၂-၂၂။

B. ဘာသာတရားတွင် အရာများကို အဲ့သြဖွယ်နည်းဖြင့် လုပ်ဆောင်ဖို့ စဉ်းစားခြင်းမှန်သမျှသည် မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းဖြစ်သည် - အငယ်၊၅-၇။

C. သမားတော်နှင့် သတို့သားအဖြစ် ခရစ်တော်သည် ဘာသာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည် - ၉း၁၂၊ ၁၅။

D. သခင်ယေရှုသည် ဘာသာတရားဆိုင်ရာ ထုံးတမ်းဓလေ့ကို ဂရုစိုက်ခြင်းမရှိပါ။ ကိုယ်တော်သည် အတွင်းပိုင်းစစ်မှန်ခြင်းကို ဂရုစိုက်တော်မူသည် - ၁၅း၁-၂၀။

**II. မဿဲ ၉း၁၀-၁၃ တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို သမားတော်အဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းရှိနိုင်ကြောင်း ညွှန်ပြပေးထားသည်။**

A. လူများအား နိုင်ငံတော်အတွက် ကိုယ်တော်နောက်တော်သို့လိုက်ရန် ခေါ်ခြင်း၌ သခင်ယေရှုသည် တရားသူကြီးအဖြစ်မဟုတ်ဘဲ၊ သမားတော်အဖြစ် အမှုဆောင်တော်မူခဲ့သည်။

B. တရားသူကြီး၏ တရားစီရင်ခြင်းသည် ဖြောင့်မတ်ခြင်းအတိုင်း ဖြစ်ပြီး၊ သမားတော်၏ အနာငြိမ်းပေးခြင်းသည် ကရုဏာနှင့် ကျေးဇူးတော်အတိုင်း ဖြစ်သည်။

C. ခရစ်တော်သည် သမားတော်အဖြစ် အမှုဆောင်၍၊ ကျွန်ုပ်တို့ကို အနာငြိမ်းစေရန်၊ ပြန်ရယူရန်၊ နိုးကြားသက်ရှင်စေရန်နှင့် ကယ်တင်ရန် ကြွလာခဲ့သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အသစ်သော၊ ကောင်းကင်ဆိုင်ရာဖြစ်သော နိုင်ငံသားများဖြစ်စေရန် ပြန်လည်စေ့စပ်ထုံးပေးကာ၊ ထိုသူတို့ဖြင့် ကိုယ်တော်သည် ဤဖောက်ပြန်ပျက်စီးနေသော မြေကြီးပေါ်တွင် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာနိုင်ငံတော်ကို တည်စေမည်ဖြစ်သည်။

D. “သို့သော် "ယဇ်ပူဇော်ခြင်းထက် သနားခြင်းကရုဏာကို ငါနှစ်သက်၏" ဟူသော ကျမ်းစကားကို နားလည်ခြင်းငှာ၊ သင်တို့သည် သွား၍ သင်ကြလော့” - အငယ်၊၁၃။

1. သခင်ယေရှုသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ ဖျားနာခြင်း၊ အပြစ်၏ဖျားနာခြင်းကို အနာငြိမ်းစေသည်။
2. အပြစ်နှင့် သေခြင်းအကြားတွင် ဖျားနာခြင်းများ၊ အနာရောဂါများနှင့် အားနည်းချည့်နဲ့ခြင်းများ အမျိုးမျိုး အလုံးစုံရှိနေသည်။
3. သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ပေးပြီး၊ နည်းလမ်းတိုင်း၌ အနာငြိမ်းခြင်းလည်း ပြုတော်မူသည်။
4. အပြစ်သားများအဖြစ် ကျွန်ုပ်တို့သည် လုံးဝ ဖျားနာကြသည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာ၊ လူ့ကျင့်ဝတ်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့၌ ဖျားနာနေကြသောကြောင့် ဖြစ်သည်၊ သို့သော် ခွင့်လွှတ်တော်မူသောအရှင်နှင့် သမားတော်ဖြစ်သော ယေရှုသည် ကျွန်ုပ်တို့၏ ဖျားနာခြင်းများအားလုံးကို အနာငြိမ်းစေရန် တတ်စွမ်းနိုင်သည်။
5. ကျွန်ုပ်တို့၏သမားတော်အဖြစ် သခင်ဘုရားသည် ကျွန်ုပ်တို့ကို အဓိကအားဖြင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌မဟုတ်ဘဲ၊ အဓိကအားဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ကျွန်ုပ်တို့၏စိတ်၌ အနာငြိမ်းပေးခြင်းဖြစ်သည်။
6. သခင်ဘုရားက ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ အနာငြိမ်းပေးသည်ဖြစ်စေ၊ မငြိမ်းပေးသည်ဖြစ်စေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်နှင့် စိတ်၏ အစိတ်အပိုင်းတိုင်း၌ ကျွန်ုပ်တို့ကို အနာငြိမ်းပေးရန် အမြဲ အသင့်ရှိတော်မူသည်။
7. ကျွန်ုပ်တို့၏သမားတော်အဖြစ် သခင်ဘုရား၏ အနာငြိမ်းပေးခြင်းသည် အဓိက ရုပ်ပိုင်းဆိုင်ရာမဟုတ်ဘဲ၊ ဝိညာဉ်ပိုင်းဆိုင်ရာဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာဖျားနာခြင်းများကို အနာငြိမ်းစေသော အရှင်ဖြစ်သည်။

E. ပေါလုက သူ၏ နောက်ပိုင်းအမှုတော်တွင် တွေ့ကြုံခံစားခြင်းက ယုံကြည်သူများ၏ သမားတော်အဖြစ် ခရစ်တော်ကို သင့်လျော်မှန်ကန်သည့် တန်ဖိုးထားခြင်းရှိစေဖို့ ကျွန်ုပ်တို့ကို ကူညီပေးခြင်းဖြစ်သည်။

1. တိမောသေဒုတိယစာ ၄း၂၀ခ တွင် ပေါလုက "တရောဖိမ်သည် ဖျားနာ၍ မိလက်မြို့၌ ငါထားခဲ့၏" ဟုပြောထားသည်။
2. တမန်တော်ပေါလုသည် ထိုသို့ ရင်းနှီးကျွမ်းဝင်သူတစ်ဦးကို သူ့အဖို့ အနာငြိမ်းခြင်း ဆုတောင်းပေးခြင်းမပြုဘဲ ဖျားနာခြင်း၌ ထားရစ်ခဲ့သည်။
3. ပေါလုက တိမောသေအား သူ၏အစာအိမ်အနာကို ကုသဖို့ သူ၏အနာငြိမ်းခြင်း ဆုကျေးဇူးကို မလေ့ကျင့်ခဲ့ပါ (တ၊၁၉း၁၁-၁၂)၊ ထိုအစား ပေါလုက အနာငြိမ်းစေဖို့ သဘာဝနည်းလမ်းကို လုပ်ဆောင်ရန်သာ သူ့ကို လမ်းညွှန်ပေးခဲ့သည် (၁တိ၊၅း၂၃)။
4. ပေါလုက တိမောသေအား စပျစ်ရည်အနည်းငယ် သုံးရန် အားပေးခဲ့ပြီး၊ တရောဖိမ်ကို မိလက်မြို့၌ ထားရစ်ခဲ့သည်။
5. ပေါလုသည် သူ၏လုပ်ဖော်ဆောင်ဖက်များကို အလွန်ပင်လူသားဆန်သောနည်းလမ်း၌ ဂရုစိုက်ပေးခဲ့သည်။
6. ပေါလုက သူတို့ကို ဤနည်းလမ်း၌ ဂရုစိုက်ပေးရခြင်းအကြောင်းရင်းမှာ ဒုက္ခခံစားရသောအချိန်တွင် ပေါလုနှင့် သူ၏လုပ်ဖော်ဆောင်ဖက်များသည် အပြင်ပိုင်းဆုကျေးဇူး၏ တန်ခိုးအောက်တွင် ရှိကြခြင်းထက်၊ အတွင်းပိုင်းအသက်၏ စည်းကြပ်ပေးခြင်းအောက်တွင် ရှိခဲ့ကြသောကြောင့် ဖြစ်သည်။
7. ပထမတစ်ခုသည် အသက်၌ ကျေးဇူးတော်၏အရာဖြစ်ပြီး၊ နောက်ပိုင်းတစ်ခုသည် တန်ခိုး၌၊ အံ့ဖွယ်နိမိတ်လက္ခဏာတန်ခိုး၌ ဆုကျေးဇူး၏အရာ ဖြစ်သည်။
8. ပေါလု၏အတွေ့အကြုံက အလွန်ဆုံးအနေဖြင့် ယနေ့ ခရစ်တော်၏ အနာငြိမ်းခြင်းသည် ဝိညာဉ်နှင့် စိတ်အတွက်ဖြစ်ကြောင်း ကျွန်ုပ်တို့အား မြင်စေဖို့ ကူညီပေးသင့်ပါသည်။
9. ဤရှုပါရုံကို ကျွန်ုပ်တို့မြင်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ခရစ်တော်၌ ကိုးစား၍ ကိုယ်တော်ကို ကျွန်ုပ်တို့၏သမားတော်အဖြစ် တွေ့ကြုံခံစားကြမည်ဖြစ်သည်။

F. ကျွန်ုပ်တို့၏သမားတော်အဖြစ် ခရစ်တော်သည် အနာငြိမ်းစေခြင်း အခွင့်အာဏာရှိသည်။

1. ကိုယ်တော်၏အနာငြိမ်းခြင်းသည် တန်ခိုး၏အကြောင်းအရာမျှသာမဟုတ်ဘဲ၊ အခွင့်အာဏာ၏ အကြောင်းအရာလည်း ဖြစ်သည်။
2. ကိုယ်တော်က ကျွန်ုပ်တို့ကို အနာငြိမ်းစေဖို့အလို့ငှာ ကျွန်ုပ်တို့ကို တိုက်ရိုက်ထိတွေ့ဖို့ မလိုအပ်ပါ။
3. ကိုယ်တော်သည် စကားတော်ပြောရုံသာ လိုအပ်ပြီး၊ ကိုယ်တော်၏အခွင့်အာဏာသည် ကျွန်ုပ်တို့ကို အနာငြိမ်းစေဖို့ ကိုယ်တော်၏စကားတော်နှင့်အတူ ရောက်လာသည် - မ၊၈း၈။
4. ကျွန်ုပ်တို့၏သမားတော်သည် ကိုယ်တော်၏အခွင့်အာဏာဖြင့် ကျွန်ုပ်တို့ကို အနာငြိမ်းစေသည်။

**III. မဿဲစာစောင်နှင့် ဗျာဒိတ်ကျမ်းတို့၌ ခရစ်တော်ကို သတို့သားအဖြစ် ဖွင့်ပြထားသည် - မ၊၉း၁၅။ ဗျာ၊၁၉း၇-၉။**

A. မဿဲ ၂၅း၁ သည် သတို့သားအဖြစ် သခင်ယေရှုနှင့်စပ်လျဉ်းသည့် ထပ်တိုးပြောစကားဖြစ်သည်။

1. ဤကျမ်းပိုဒ်က သခင်ဘုရားသည် သတို့သားအဖြစ်၊ နှစ်လိုဖွယ်၊ ဆွဲဆောင်ဖွယ် အရှိဆုံးသော ပုဂ္ဂိုလ်အဖြစ် ပြန်ကြွလာမည်ဖြစ်ကြောင်း ဖွင့်ပြထားသည်။
2. သမ္မာကျမ်းစာက ခရစ်တော်သည် သတို့သမီးကို ရရှိရန် ဘုရားသခင်ကိုယ်ထင်ရှားခြင်းဖြစ်ကြောင်း ဖွင့်ပြထားသည်။
3. ထို့ကြောင့် ခရစ်တော်၏ အဆင့်အနေအထားသည် သတို့သား၏ အဆင့်အနေအထားဖြစ်သည်။
4. သတို့သားအဖြစ် ကိုယ်တော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်မှုအတွက် နှစ်လိုဖွယ်သော ပုဂ္ဂိုလ်ဖြစ်သည်။
5. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ပြန်လည်ရယူခြင်းအတွက် ကျွန်ုပ်တို့၏သမားတော်အဖြစ်သာမက၊ ကိုယ်တော်၏ မျက်မှောက်၌ အသက်ရှင်သော မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့၏သတို့သားအဖြစ်လည်း တန်ဖိုးထားသင့်ပါသည်။

B. ဗျာဒိတ် ၁၉း၇-၉ တွင် ခရစ်တော်ကို သတို့သားအဖြစ် ဖွင့်ပြထားသည်။

1. ဤကျမ်းပိုဒ်များက သခင်ယေရှုသည် သတို့သားအဖြစ် သိုးသငယ်ဖြစ်ကြောင်း ဖွင့်ပြထားသည်။

2. ခရစ်တော်သည် သိုးသငယ်အဖြစ်လည်းကောင်း၊ သတို့သားအဖြစ်လည်းကောင်း တင်ဆက်ပြသထားသည်။
3. ယောဟန်ဧဝံဂေလိစာစောင်တွင် ခရစ်တော်သည် အပြစ်ကို ဆောင်ယူသွားမည့် သိုးသငယ်အဖြစ်လည်းကောင်း၊ သတို့သမီးကို ရရှိရန် ကြွလာမည့် သတို့သားအဖြစ်လည်းကောင်း ဖွင့်ပြထားသည်။
4. သိုးသငယ်သည် ရွေးနုတ်ခြင်းအတွက်ဖြစ်ပြီး၊ သတို့သားသည် မင်္ဂလာဆောင်ခြင်းအတွက် ဖြစ်သည်။
5. ရွေးနုတ်ခြင်းသည် ဘုရားသခင်၏သိုးသငယ်အဖြစ် ခရစ်တော်အားဖြင့် ပြီးမြောက်ခဲ့ပြီး၊ မင်္ဂလာဆောင်သည် ကြွလာမည့် သတို့သားဖြစ်သော ခရစ်တော်က သူ၏သတို့သမီးကို ရရှိသည့်အခါ ဖြစ်ပေါ်လိမ့်မည်ဖြစ်သည်။
6. သတို့သားအဖြစ် ခရစ်တော်သည် မင်္ဂလာဆောင်ပွဲ ရှိရမည်ဖြစ်သည်၊ ကျွန်ုပ်တို့၏အနေအထားမှာ သတို့သမီးအနေအထားဖြစ်ပြီး၊ ကြွလာမည့်ခရစ်တော်၏ အနေအထားမှာ သတို့သားအနေအထားဖြစ်သည်။
7. ကျွန်ုပ်တို့သည် မြေကြီးပေါ်မှာ ရှိကာ ကိုယ်တော်ကို တွေ့ဆုံရန် သတို့သမီးဖြစ်လာဖို့ ပြင်ဆင်နေကြပြီး၊ ကိုယ်တော်သည် တတိယကောင်းကင်၌ရှိကာ ကျွန်ုပ်တို့ကို တွေ့ဆုံမည့် သတို့သားအဖြစ် ကြွလာရန် ပြင်ဆင်နေသည်။
8. ကိုယ်တော်သည် သတို့သားအဖြစ် ကြွလာနေပြီး၊ ကျွန်ုပ်တို့သည် သတို့သမီးအဖြစ် သွားနေကြသည် - မ၊၂၅း၁။

*© 2025 Living Stream Ministry*

Message Three

## ယေရှု - ဘုရားသခင်အားဖြင့်ပေးထားသော ရှင်ဘုရင်-ကယ်တင်ရှင်၏နာမ

## နှင့်

## မောနွေလ - လူအားဖြင့် ခေါ်ဆိုသည့် ရှင်ဘုရင်-ကယ်တင်ရှင်၏နာမ

ဖတ်ရန်ကျမ်း။ ။ မ၊၁း၂၁၊ ၂၃။ ၁၈း၂၀။ ၂၈း၂၀

**I. "သားယောက်ျားကို ဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်များမှ ကယ်တင်မည့်သူ ဖြစ်သောကြောင့် ယေရှု ဟူသော အမည်ဖြင့် မှည့်ရမည်ဟု ဆို၏" - မ၊၁း၂၁။**

A. ယေရှုဟူသည်မှာ ယေဟောဝါ ကယ်တင်ရှင် သို့မဟုတ် ယေဟောဝါ၏ကယ်တင်ခြင်းဟု အဓိပ္ပါယ်ရသည့် ဟေဗြဲအမည်နာမ ယောရှုနှင့် တူညီသော ဂရိအမည်နာမ ဖြစ်သည်။ ယေရှုသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်း ဖြစ်လာသော ယေဟောဝါ ဖြစ်တော်မူသည် - ရော၊၁၀း၁၂-၁၃၊ ၅း၁၀။ ညွှန်း၊ ဖိ၊၁း၁၉။

B. ယေရှုဟူသော အမည်နာမတွင် *ယေဟောဝါ* ဟူသော အမည်နာမ ပါဝင်၍၊ ယင်းသည် "ငါ ဖြစ်သည်အတိုင်း ငါ ဖြစ်သည်" ဟု အဓိပ္ပါယ်ရပြီး၊ ယေဟောဝါသည် မိမိအလိုအလျောက် တည်ရှိသော၊ အစဉ်အမြဲ တည်ရှိသောထာဝရအရှင်၊ အတိတ်၌ ရှိတော်မူခဲ့သော၊ ပစ္စုပ္ပန်၌ ရှိတော်မူသော၊ အနာဂတ်၌ အစဉ်အမြဲ ရှိတော်မူမည့်အရှင်ကို ရည်ညွှန်းခြင်း ဖြစ်သည် - ထွ၊၃း၁၄။ ဗျာ၊၁း၄။

1. ယေဟောဝါသည် ရှိတော်မူသောအရှင်နှင့် မိမိကိုယ်တော်တိုင်မှလွဲ၍ မည်သည့်အရာကိုမျှ မှီခိုခြင်း မပြုသော တစ်ပါးတည်းသောအရှင် ဖြစ်တော်မူသည်။ "ကိုယ်တော် ရှိတော်မူကြောင်း" နှင့် ကျွန်ုပ်တို့သည် "မရှိကြောင်း" ယုံကြည်ရန် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းဝိညာဉ်ကို လေ့ကျင့်ရမည်။ ကိုယ်တော်သည် အရာခပ်သိမ်း၌ တစ်ပါးတည်းသောအရှင်၊ တုနှိုင်းရာမဲ့သော အရှင် ဖြစ်တော်မူပြီး ကျွန်ုပ်တို့သည် ဘာမျှ မဟုတ်ကြပါ - ဟေဗြဲ၊၁၁း၆။
2. ငါ ဖြစ်တော်မူသောအရှင်အနေဖြင့်၊ ကိုယ်တော်သည် အရာအားလုံး ပါဝင်သောအရှင်၊ အပြုသဘောဆောင်သောအရာနှင့် ကိုယ်တော်၏လူများ လိုအပ်သောအရာမှန်သမျှ၏စစ်မှန်ခြင်း ဖြစ်တော်မူသည် - ယော၊၆း၃၅၊ ၈း၁၂၊ ၁၀း၁၄၊ ၁၁း၂၅၊ ၁၄း၆။
3. ကျွန်ုပ်တို့ယုံကြည်သူများ၌ လက်မှတ်ထိုးထားပြီးသော ချက်လက်မှတ်တစ်စောင် ရှိကြောင်း၊ ထိုချက်လက်မှတ်ပေါ်တွင် ပမာဏ ဖြည့်သောနေရာမှာ နေရာလွတ် ချန်ထားပေးကြောင်းနှင့် ကျွန်ုပ်တို့ လိုအပ်သမျှကို ဖြည့်နိုင်သည်ဟု ကျွန်ုပ်တို့ ပြောနိုင်ပါသည်။ ယေရှုသည် အလင်း၊ အသက်၊ တန်ခိုး၊ ပညာ၊ သန့်ရှင်းခြင်း သို့မဟုတ် ဖြောင့်မတ်ခြင်းစသဖြင့် ကျွန်ုပ်တို့ လိုအပ်သမျှ ဖြစ်တော်မူသည်။ ကျွန်ုပ်တို့ လိုအပ်သောအရာအားလုံးကို ယေရှု၏နာမ၌ ရှာတွေ့နိုင်ပါသည်။

C. ယေရှုသည် ကျွန်ုပ်တို့၏ယောရှု၊ ကျွန်ုပ်တို့အား နားခိုခြင်းအထဲသို့ ခေါ်ဆောင်ပေးသောအရှင် ဖြစ်တော်မူသည်၊ ထိုနားခိုခြင်းသည် ကျွန်ုပ်တို့အဖို့ ကောင်းသောမြေတည်းဟူသော ကိုယ်တော်ကိုယ်တိုင် ဖြစ်တော်မူသည် - ဟေဗြဲ၊၄း၈။ မ၊၁၁း၂၈-၂၉။

D. သခင်ဘုရား၏နာမ၊ ကိုယ်တော်၏ပုဂ္ဂိုလ်သည် အရာအားလုံးပါဝင်သည့် ပေါင်းစပ်ထားသောဝိညာဉ်တော် ဖြစ်တော်မူသည် - သီ၊၁း၃။ ထွ၊၃၀း၂၃-၃၀။ ဖိ၊၁း၁၉။

E. ယေရှု၏နာမသည် နာမတကာတို့ထက် ကြီးမြတ်သောနာမ ဖြစ်သည် - ၂း၉-၁၀။

1. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် ထိုနာမအထဲသို့ ယုံကြည်ရန် ဖြစ်သည် - ယော၊၁း၁၂။
2. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် ထိုနာမအထဲသို့ ဗတ္တိဇံခံရန် ဖြစ်သည် - တ၊၈း၁၆၊ ၁၉း၅။
3. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် ကယ်တင်ခံရရန် ဖြစ်သည် - ၄း၁၂။
4. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် အနာရောဂါငြိမ်းခြင်း ခံရရန် ဖြစ်သည် - ၃း၆၊ ၄း၁၀။
5. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် ဆေးကြောခံရန်၊ သန့်ရှင်းစင်ကြယ်စေခြင်းကို ခံရန်နှင့် ဖြောင့်မတ်ရာသို့ ရောက်စေရန် ဖြစ်သည် - ၁ကော၊၆း၁၁။
6. ယေရှု၏နာမသည် ကျွန်ုပ်တို့ ခေါ်ဆိုရန် ဖြစ်သည် - ရော၊၁၀း၁၃။ ၁ကော၊၁း၂။ တ၊၉း၁၄။ က၊၄း၂၆။

7. ဝိညာဉ်တော်သည် ကျွန်ုပ်တို့ ရှုသွင်းရန် ကောင်းကင်ဆိုင်ရာလေ ဖြစ်တော်မူသည်။ သခင်ဘုရား၏နာမတော်ကို ခေါ်ရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို ရှုသွင်းခြင်း ဖြစ်ပြီး ထိုသို့ ရှုသွင်းခြင်းဖြင့် ဝိညာဉ်တော်ကို လက်ခံရရှိကြသည် - ယော၊၂၀း၂၂။ ဂလ၊၃း၂။ ၁သက်၊၅း၁၇။ မြည်၊၃း၅၅-၅၆။ ဓမ္မသီချင်း ၁၄၇ (E#255)

F. သခင်ဘုရား၏နာမတော်ကို ခေါ်သည့် ရည်ရွယ်ချက်မှာ -

1. ကယ်တင်ခံရရန် - ရော၊၁၀း၁၃။
2. ဆင်းရဲဒုက္ခ၊ ပြဿနာ၊ ဝမ်းနည်းပူဆွေးမှုနှင့် နာကျင်မှုတို့မှ ကယ်တင်ခံရရန် - ဆာ၊၁၈း၆၊ ၁၁၈း၅၊ ၈၆း၇၊ ၅၀း၁၅၊ ၈၁း၇၊ ၁၁၆း၃-၄။
3. သခင်ဘုရား၏ကရုဏာတော်ကို ပါဝင်ခံစားရန် - ၈၆း၅။
4. သခင်ဘုရား၏ကယ်တင်ခြင်းကို ပါဝင်ဆက်ဆံရန် - ၁၁၆း၂၊ ၄၊ ၁၃၊ ၁၇။
5. ဝိညာဉ်တော်ကို လက်ခံရရှိရန် - တ၊၂း၁၇၊ ၂၁။
6. ကျေနပ်နှစ်သိမ့်စေခြင်းငှာ ဝိညာဉ်ဆိုင်ရာရေကို သောက်သုံးရန်နှင့် ဝိညာဉ်ဆိုင်ရာ စားစရာကို စားသုံးရန် - ဟေရှာ၊၅၅း၁-၂၊ ၆။
7. သခင်ဘုရား၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ရန် - ရော၊၁၀း၁၂။ ၁ကော၊၁၂း၃ခ။ တရား၊၄း၇။ ဆာ၊၁၄၅း၁၈။
8. မိမိတို့ကိုယ်ကို လှုံ့ဆော်ပေးရန် - ဟေရှာ၊၆၄း၇။
9. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် ထိုနာမ၌ ဆုတောင်းရန် ဖြစ်သည် - ယော၊၁၄း၁၃၊ ၁၅း၁၆၊ ၁၆း၂၄။
10. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် ထိုနာမအထဲသို့ စုဝေးကြရန် ဖြစ်သည် - မ၊၁၈း၂၀။
11. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် နတ်ဆိုးများကို နှင်ထုတ်ရန် ဖြစ်သည် - တ၊၁၆း၁၈။
12. ယေရှု၏နာမသည် ကျွန်ုပ်တို့အတွက် ထိုနာမ၌ ရဲဝံ့စွာ ဟောပြောရန် ဖြစ်သည် - ၉း၂၇။

G. စာတန်သည် ယေရှု၏နာမကို မုန်းတီးသည်။

1. စာတန်သည် ယေရှု၏နာမကို တိုက်ခိုက်ရန် လူများကို အသုံးချသည် - ညွှန်း၊ တ၊၂၆း၉။
2. ဘာသာရေးသမားများသည် ယေရှု၏နာမကို တိုက်ခိုက်ကာ၊ ယုံကြည်သူတို့အား ထိုနာမ၌ ဟောပြောခြင်း သို့မဟုတ် သွန်သင်ခြင်း မပြုရန် တားမြစ်ခဲ့ကြသည် - ၄း၁၇-၁၈၊ ၅း၄၀။
3. တမန်တော်များသည် ညှဉ်းပန်းနှိပ်စက်ခံရသောအခါ၊ ယေရှု၏နာမကြောင့် မိမိတို့သည် အရှက်ကွဲခြင်းကို ခံထိုက်ကြသည်ဟု မှတ်ယူသောကြောင့် ဝမ်းမြောက်ရွှင်လန်းခဲ့ကြသည် - ၅း၄၁၊ ၁၅း၂၆။

H. သခင်ယေရှုသည် ဖိလဒေလဖိမြို့၌ရှိသော အောင်မြင်သူများကို ချီးမွမ်းခဲ့သည်၊ အကြောင်းမှာ သူတို့သည် ကိုယ်တော်၏နာမကို မငြင်းပယ်ခဲ့သောကြောင့် ဖြစ်သည် - ဗျာ၊၃း၈။

1. ပြန်လည်ရယူခံရသော အသင်းတော်သည် သခင်ယေရှုခရစ်၏နာမမှလွဲ၍ အခြားသောနာမအားလုံးကို စွန့်ပယ်ခဲ့ကြပြီး၊ သခင်ဘုရားနှင့် လုံးလုံးသက်ဆိုင်သည်။
2. သခင်ဘုရား၏နာမမှလွဲ၍ အခြားအမည်တစ်စုံတစ်ခုကို ယူခြင်းအားဖြင့် အသင်းတော်ကို အမည်တပ်ခြင်းမှာ ဝိညာဉ်ဆိုင်ရာ မတရားသောမေထုန်ကျူးလွန်မှု ဖြစ်သည်။ ခရစ်တော်နှင့် စေ့စပ်ထားပြီးသော၊ စင်ကြယ်သော အပျိုကညာတည်းဟူသော အသင်းတော်တွင် သူမခင်ပွန်း၏အမည်နာမမှလွဲ၍ အခြားအမည်နာမ မရှိသင့်ပါ။

**II. "'ကြည့်ရှုလော့၊ အပျိုကညာသည် ရင်သွေးရှိ၍ သားကို ဖွားမြင်လတ့ံ။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတ့ံ' ဟု လာသတည်း (ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း)" - မ၊၁း၂၃။**

A. ယေရှုဟူသည်မှာ ဘုရားသခင်အားဖြင့် ပေးတော်မူသော ရှင်ဘုရင်-ကယ်တင်ရှင်၏နာမ ဖြစ်ပြီး၊ ဧမာနွေလဟူသည်မှာ လူအားဖြင့် ခေါ်ဝေါ်သော ရှင်ဘုရင်-ကယ်တင်ရှင်၏နာမ ဖြစ်သည် - အငယ်၊၂၃။

B. မဿဲစာစောင်သည် ဧမာနွေလ တည်းဟူသော ကျွန်ုပ်တို့နှင့်အတူ ရှိရန် လူ့ဇာတိခံသောဘုရားနှင့်သက်ဆိုင်သောစာစောင် ဖြစ်သည် - အငယ်၊၂၁-၂၃။

C. ဧမာနွေလသည် အရာအားလုံးပါဝင်သည် - ဖိ၊၁း၁၉။

1. ကိုယ်တော်သည် ရှေးဦးစွာ ကျွန်ုပ်တို့၏ကယ်တင်ရှင် (လု၊၂း၁၁)၊ ထို့နောက် ကျွန်ုပ်တို့၏ရွေးနုတ်ရှင် (ယော၊၁း၂၉။ ရော၊၃း၂၄)၊ ထို့နောက် ကျွန်ုပ်တို့၏အသက်ပေးသောသူ (၁ကော၊၁၅း၄၅ခ) ဖြစ်တော်မူပြီးနောက် အရာအားလုံးပါဝင်သော၊ အတွင်း၌ ကိန်းဝပ်သောဝိညာဉ်တော် ဖြစ်တော်မူသည် (ယော၊၁၄း၁၆။ ရော၊၈း၉-၁၁)။
2. အကယ်စင်စစ်၊ ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် ပါဝင်သောအရာမှာ ဧမာနွေလ (မ၊၁း၂၃၊ ၁၈း၂၀၊ ၂၈း၂၀။ ဗျာ၊၂၁း၃) ဖြစ်ပြီး၊ ခရစ်တော်၏အင်္ဂါဝင်များတည်းဟူသော ခရစ်တော်၌ယုံကြည်သူအားလုံးသည် ဤကြီးမြတ်သောဧမာနွေလ တည်းဟူသော စုပေါင်းထားသော ခရစ်တော်၏အစိတ်အပိုင်း ဖြစ်ကြသည် (၁ကော၊၁၂း၁၂။ ကော၊၃း၁၀-၁၁)။

D. လက်တွေ့ကျသော ဧမာနွေလသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား၏မျက်မှောက်တော် တည်းဟူသော စစ်မှန်ခြင်း၏ဝိညာဉ်တော် ဖြစ်တော်မူသည်။ ကိုယ်တော်၏မျက်မှောက်တော်သည် တစ်နေ့ပြီးတစ်နေ့ သာမက တစ်ချိန်ပြီးတစ်ချိန် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကျွန်ုပ်တို့နှင့်အတူ အမြဲရှိတော်မူသည် - ယော၊၁း၁၄၊ ၁၄း၁၆-၂၀။ ၁ကော၊၁၅း၄၅ခ။ ၂တိ၊၄း၂၂။

1. ကိုယ်တော်သည် ကျွန်ုပ်တို့၏စုဝေးခြင်းများ၌ ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသည် - မ၊၁၈း၂၀။
2. ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ နေ့ရက်အစဉ်မပြတ် ရှိတော်မူသည် - ၂၈း၂၀။
3. ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရှိတော်မူသည် - ၂တိ၊၄း၂၂။
   a. ယနေ့ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဧမာနွေလ၏မြေ ဖြစ်သည် - ဟေရှာ၊၈း၇-၈။
   b. ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသောကြောင့်၊ ရန်သူသည် ဧမာနွေလ၏မြေကို ဘယ်သောအခါမှ သိမ်းယူနိုင်မည် မဟုတ်ပေ - အငယ်၊၁၀။ ညွှန်း ၁ယော၊၅း၄။ ယော၊၃း၆။
4. ကျွန်ုပ်တို့သည် ကိုယ်တော်၏သန့်ရှင်းသောနူတ်ကပတ်တော်ကို သွန်သင်ခြင်းအတွက် အတူတကွစုဝေးရာတွင် သုံးပါး တစ်ပါးဘုရား၏မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်ကြသည် - မ၊၁၈း၂၀၊ ၂၈း၂၀။ ဆာ၊၁၁၉း၃၀။ တ၊၆း၄။
5. ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏မျက်မှောက်တော်တည်းဟူသော ဝိညာဉ်တော်မှတစ်ဆင့် ကျေးဇူးတော်နှင့် ငြိမ်သက် ခြင်းကို မွေ့လျော်ဝမ်းမြောက်ကြသည် - ဂလ၊၆း၁၈။ တ၊၉း၃၁။
6. ဝိညာဉ်တော်၏ဦးဆောင်ခြင်းနှင့် သက်သေခံခြင်းတို့သည် ကိုယ်တော်၏မျက်မှောက်တော် ဖြစ်သည် - ရော၊၈း၁၄၊ ၁၆။
7. ကျွန်ုပ်တို့သည် ဝိညာဉ်တော်တည်းဟူသော ကိုယ်တော်၏မျက်မှောက်တော်မှတစ်ဆင့် သုံးပါးတစ်ပါးဘုရား၏ဝေငှဖြန့်ဖြူး ခြင်းကို မွေ့လျော်ဝမ်းမြောက်ကြသည် - ၂ကော၊၁၃း၁၄။

E. ဧမာနွေလတည်းဟူသော ခရစ်တော်နှင့်အတူ အသက်ရှင်ရန်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုရားဆိုင်ရာမျက်မှောက်တော်၌ ရှိနေရန် လိုအပ်သည်၊ ထိုမျက်မှောက်တော်သည် သုံးပါးတစ်ပါးဘုရား၏ပြီးမြောက်ပြည့်စုံခြင်း တည်းဟူသော အသက်ပေး သောဝိညာဉ်တော် ဖြစ်တော်မူသည် - ဂလ၊၅း၂၅။

1. ခရစ်တော်နှင့်အတူ အသက်ရှင်ရန်၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်အားဖြင့် မဟုတ်ဘဲ ခရစ်တော်သည် ကျွန်ုပ်တို့၌ လည်းကောင်း၊ ဧမာနွေလအဖြစ် ကျွန်ုပ်တို့နှင့်အတူလည်းကောင်း အသက်ရှင်ခြင်းအားဖြင့် အသက်ရှင်နေကြဆဲ ဖြစ်သည်။ သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးရန်ဖြစ်သော သူ၏ရည်ရွယ် ချက်ကို ကျွန်ုပ်တို့၏အပြင်ဘက်တွင်နေ၍ မပြည့်စုံစေနိုင်ပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော် ရှိခြင်းသည် အတွင်းပိုင်း ဖြစ်ရမည် - ၂း၂၀။
2. ဧမာနွေလသည် ကျွန်ုပ်တို့၏အသက်နှင့် ပုဂ္ဂိုလ် ဖြစ်တော်မူပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏အင်္ဂါ ဖြစ်ကာ၊ ကိုယ်တော် နှင့်အတူ ပုဂ္ဂိုလ်တစ်ဦးတည်းအဖြစ် အသက်ရှင်နေကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏အောင်မြင်မှုသည် ဧမာနွေလ၊ ယေရှု၏ မျက်မှောက်တော်အပေါ် မူတည်နေပါသည်။
3. ကျွန်ုပ်တို့၌ သခင်ဘုရား၏မျက်မှောက်တော် ရှိပါက၊ ကျွန်ုပ်တို့တွင် ပညာ၊ ထိုးထွင်းသိမြင်မှု၊ ကြိုတင်သိမြင်မှုနှင့် အမှုအရာ များနှင့်စပ်လျဉ်း၍ အတွင်းပိုင်းသိကျွမ်းမှု ရှိသည်။ သခင်ဘုရား၏မျက်မှောက်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်း ဖြစ်သည် - ၂ကော၊၂း၁၀၊ ၄း၆-၇။ ဂလ၊၅း၂၅။ က၊၅း၂၂-၂၄။ ဟေဗြဲ၊၁၁း၅-၆။

F. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ခရစ်တော်ကို ကောင်းသောမြေ၏စစ်မှန်ခြင်းအဖြစ် ဝင်ရောက်ခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိလိုပါက၊ ထိုအရာတို့ကို သခင်ဘုရား၏မျက်မှောက်တော်အားဖြင့် လုပ်ဆောင်ကြရမည်။ သခင်ဘုရားက မောရှေအား၊ "ငါ၏မျက်မှောက်တော်သည် သင်နှင့်အတူ သွား၍ သင့်ကို နားခိုခြင်း ပေးမည်" ဟု ကတိပေးခဲ့သည် (ထွ၊၃၃း၁၄)။ ဘုရားသခင်၏မျက်မှောက်တော်သည် ကိုယ်တော်၏လမ်း၊ ကိုယ်တော်၏လူတို့ လိုက်လျှောက်သင့်သောလမ်းကို ပြသပေးသော "မြေပုံ" ဖြစ်တော်မူသည်။

1. ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ခရစ်တော်ကို အရာအားလုံးပါဝင်သောမြေအဖြစ် ပြည့်ဝစွာ အမြတ်ရယူပြီး ပိုင်ဆိုင်ရန်အလို့ငှာ၊ ဘုရားသခင်၏မျက်မှောက်တော်သည် အကြောင်းအရာအားလုံးအတွက် စံ ဖြစ်သည်ဟူသော မူအလေ့အလာကို ကျွန်ုပ်တို့ ဆုပ်ကိုင်ထားရမည်။ ကျွန်ုပ်တို့သည် မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၌ ဘုရားသခင်၏မျက်မှောက်တော် ရှိမရှိကို အလေးထားရမည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏မျက်မှောက်တော် ရှိပါက၊ ကျွန်ုပ်တို့၌ အရာခပ်သိမ်း ရှိသည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်ကို ဆုံးရှုံးပါက၊ အရာခပ်သိမ်းကို ဆုံးရှုံးရသည် - မ၊၁း၂၃။ ၂တိ၊၄း၂၂။ ဂလ၊၈း၁၈။ ဆာ၊၂၇း၄၊ ၈၊ ၅၁း၁၁။
2. သခင်ဘုရား၏မျက်မှောက်တော်၊ သခင်ဘုရား၏အပြုံးတော်သည် ထိန်းချုပ်ပေးသောမူအလေ့အလာ ဖြစ်သည်။ ကျွန်ုပ်တို့သည် တိုက်ရိုက်၊ ကိုယ်တွေ့ဖြစ်သော သခင်ဘုရား၏မျက်မှောက်တော်အားဖြင့် စောင့်ထိန်းခြင်း၊ အုပ်စိုးခြင်း၊ ထိန်းချုပ်ခြင်းနှင့် လမ်းပြခြင်းကို ခံရန် သင်ယူကြရမည် - ဆာ၊၂၇း၈၊ ၈၀း၃၊ ၇၊ ၁၇-၁၉။
3. ရင့်ကျက်သောအသက်၏ စိုးစံသောသွင်ပြင်၏ ကိုယ်စားလှယ်အနေဖြင့်၊ ယောသပ်သည် သခင်ဘုရား၏ မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်ခဲ့ပြီး ထိုမျက်မှောက်တော်နှင့်အတူ သခင်ဘုရား၏အခွင့်အာဏာ၊ ချမ်းသာကြွယ်ဝခြင်းနှင့် ကောင်းချီးမင်္ဂလာတို့ကို မွေ့လျော်ဝမ်းမြောက်ခဲ့သည် - က၊၃၉း၂-၅။ တ၊၇း၉။
4. မောရှေသည် ဘုရားသခင်၏စိတ်နှလုံးတော်နှင့် အလွန်နီးစပ်ပြီး ဘုရားသခင်၏စိတ်နှလုံးတော်အတိုင်း ဖြစ်သော လူပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။ ထို့ကြောင့်၊ သူ၌ ဘုရားသခင်၏မျက်မှောက်တော်သည် ပြည့်ဝသောအတိုင်းအတာအထိ ရှိခဲ့သည် - ထွ၊၃၃း၁၁။
5. တမန်တော်ပေါလုသည် ခရစ်တော်၏မျက်မှောက်တော်၌ ကိုယ်တော်၏မျက်လုံးတွင် ပုဂ္ဂိုလ်တစ်ကိုယ်လုံးကို ထင်ရှားစေသည့် အညွှန်းအတိုင်း အသက်ရှင်ပြီး ပြုမူခဲ့သောသူတစ်ဦး ဖြစ်ခဲ့သည် - ၂ကော၊၂း၁၀။
6. "ကျွန်ုပ် ငယ်ရွယ်စဉ်က၊ အောင်မြင်ကျော်လွှားရန်၊ အနိုင်ရရန်၊ သန့်ရှင်းရန် နှင့် ဝိညာဉ်ရေးရာရှိစေရန် နည်းလမ်းအမျိုးမျိုးကို သွန်သင်ခံခဲ့ရသည်။ သို့သော်၊ ထိုနည်းလမ်းများသည် တစ်ခုမှ အလုပ် မဖြစ်ခဲ့ပါ ... သခင်ဘုရား၏မျက်မှောက်တော်မှလွဲ၍ မည်သည့်အရာမျှ အလုပ်မဖြစ်ပါ။ ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော် ရှိတော်မူခြင်းသည် အရာခပ်သိမ်းဖြစ်သည်" (ယောရှုစာစောင်ကို အသက်အဖြစ် လေ့လာခြင်း၊ စာမျက်နှာ ၆၅)။

G. ဓမ္မသစ်ကျမ်းတစ်ခုလုံးသည် ဧမာနွေလ ဖြစ်ပြီး၊ ယခုအခါ ကျွန်ုပ်တို့သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ထာဝရကာလတိုင်အောင် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ဤကြီးမြတ်သောဧမာနွေလ၏အစိတ်အပိုင်း ဖြစ်ကြသည်။ ဓမ္မသစ်ကျမ်းသည် ဘုရား-လူတစ်ဦးဖြင့် အစပြုထားသည်၊ ထိုသူမှာ "ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်" ဖြစ်ပြီး ကြီးမြတ်သောဘုရား-လူတစ်ဦး၊ ယေရုရှလင်မြို့သစ်ဖြင့် အဆုံးသတ်ထားသည်၊ ယင်းမှာ "ယေဟောဝါ ရှိတော်မူ၏" ဖြစ်သည် - မ၊၁း၂၃။ ၁ကော၊၆း၁၇။ တ၊၉း၄။ ၁တိ၊၃း၁၅-၁၆။ ဗျာ၊၂၁း၃၊ ၂၂။ ယေဇ၊၄၈း၃၅။

© 2025 Living Stream Ministry

Message Four

## အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရား၏ အလယ်ဗဟို ခရစ်တော်

ဖတ်ရန်ကျမ်း။  ။ မ၊၂၈း၁၉။ ၁ကော၊ ၁၅း၄၅။ ၂ကော၊၃း၁၇။ ၁၃း၁၄

**I. ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ အရှင်းလင်းဆုံး ဖွင့်ပြခြင်းမှာ မဿဲ ၂၈း၁၉ ဖြစ်သည်၊ "ထို့ကြောင့် သင်တို့ သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမအထဲသို့ ဗတ္တိဇံကို ပေးကြလော့။"**

A. *နာမတော်အထဲသို့* သည် ပုဂ္ဂိုလ်ကို ရည်ညွှန်းသည်။

1. ဗတ္တိဇံခံခြင်းသည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်၊ ပုဂ္ဂိုလ်အထဲသို့၊ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားနှင့်အတူ အသက်ဆိုင်ရာ ပေါင်းစည်းခြင်းအထဲသို့ ဗတ္တိဇံခံခြင်းဖြစ်သည်။
2. ၂၈း၁၉ ရှိ *အထဲသို့* ဟူသောစကားလုံးသည် ရောမ ၆း၃၊ ဂလာတိ ၃း၂၇ နှင့် ၁ကော ၁၂း၁၃ တို့၌ကဲ့သို့ ပေါင်းစည်းခြင်းကို ရည်ညွှန်းသည်။
3. လူများကို သုံးပါးတစ်ပါးဘုရား၏နာမအထဲသို့ ဗတ္တိဇံပေးခြင်းမှာ သူတို့ကို ကိုယ်တော်နှင့် ဝိညာဉ်ဆိုင်ရာ၊ နက်နဲခြင်းဆိုင်ရာ ပေါင်းစည်းခြင်းအထဲသို့ ဗတ္တိဇံပေးခြင်းဖြစ်သည်။
4. မဿဲ ၂၈း၁၉ တွင် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းအတွက် နာမတော်တစ်ခုတည်းသာ ရှိသည်။
    a. နာမတော်သည် ဘုရားဆိုင်ရာဖြစ်ခြင်း၏ စုစုပေါင်းဖြစ်ပြီး၊ ကိုယ်တော်၏ပုဂ္ဂိုလ်တော်နှင့် ညီမျှသည်။
    b. ယုံကြည်သူများကို သုံးပါးတစ်ပါးဘုရား၏နာမအထဲသို့ ဗတ္တိဇံပေးခြင်းမှာ သူတို့ကို သုံးပါးတစ်ပါးဘုရားဖြစ်တော်မူခြင်းအားလုံးအထဲသို့ နှစ်မြှုပ်ပေးလိုက်ခြင်း ဖြစ်သည်။

B. ဘုရားသခင်သည် တစ်ပါး-၌-သုံးပါး ဖြစ်သည် - ၂ကော၊၁၃း၁၄။

1. မဿဲ ၂၈း၁၉ ၌ သခင်ဘုရားက ပုဂ္ဂိုလ်တော်သုံးပါး - ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို ပြောထားသည်။
2. ဤနေရာတွင် ကိုယ်တော်က ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်ကို ပြောသည့်အခါ *နာမ* သည် မူရင်းစာသားတွင် တစ်ခုကိန်း ဖြစ်သည်။
3. ဤသည်မှာ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်သည် သုံးပါးဖြစ်သော်လည်း၊ နာမတော်သည် တစ်ခုတည်းဖြစ်ကြောင်း ဆိုလိုသည်။
4. သုံးပါးအတွက် နာမတစ်ခုတည်းမှာ အမှန်ပင် နက်နဲလှပြီး၊ ဘုရားသခင်သည် တစ်ပါး-၌-သုံးပါး ဖြစ်ခြင်းကို ဖွင့်ပြသည်။
5. ဤနာမတွင် သုံးပါး - ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော် ပါဝင်နေသည်။
6. ဘုရားသခင်သည် တုနှိုင်းရာမဲ့တစ်ပါးတည်းဖြစ်သော်လည်း၊ ပုဂ္ဂိုလ်သုံးပါး - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် ရှိနေသည်။

**II. ခရစ်တော်၌ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရားအထဲသို့ ဗတ္တိဇံခံခဲ့ကြပြီ ဖြစ်သည်။**

A. မဿဲ ၂၈း၁၉ တွင် ပေးထားသော မိန့်မှာချက်သည် သခင်ယေရှုက ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက်သွားပြီးနောက် ပေးခဲ့သည်၊ ယင်းမှာ သုံးပါးတစ်ပါးဘုရား၏ ဖြစ်စဉ်အဆင့်ဆင့် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။

B. သုံးပါးတစ်ပါးဘုရားသည် လူ့ဇာတိခံခြင်းဖြင့် အစပြု၍၊ လူသားအသက်ရှင်ခြင်းနှင့် ကားတိုင်မှာအသေခံခြင်း ပါဝင်လျက်၊ ရှင်ပြန်ထမြောက်ခြင်းဖြင့် ပြီးမြောက်ပြည့်စုံသော ဖြစ်စဉ်အဆင့်ဆင့်ကို ဖြတ်ကျော်ခဲ့သည်။

C. ရှင်ပြန်ထမြောက်ခြင်း၌ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သော ခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့သည် - ၁ကော၊၁၅း၄၅။ ၂ကော၊၃း၁၇။

D. ဤဝိညာဉ်တော်သည် ယုံကြည်သူများကို ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းအထဲသို့ ဗတ္တိဇံပေးခြင်းအတွက် သုံးပါးတစ်ပါး ဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။

E. သုံးပါးတစ်ပါးဘုရား၏ ပုဂ္ဂိုလ်တော်အထဲသို့ ဗတ္တိဇံခံခြင်းမှာ အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် အရာအားလုံးပါဝင်သော၊ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်အထဲသို့ ဗတ္တိဇံခံခြင်းဖြစ်သည်။

1. ဤသည်မှာ ခမည်းတော်၏ကြွယ်ဝခြင်းများအထဲသို့၊ သားတော်၏ကြွယ်ဝခြင်းများအထဲသို့၊ ဝိညာဉ်တော်၏ကြွယ်ဝခြင်း များအထဲသို့ ဗတ္တိဇံခံခြင်းဖြစ်သည်။
2. ဗတ္တိဇံခံသူများအနေဖြင့် ကျွန်ုပ်တို့သည် ယခုတွင် သုံးပါးတစ်ပါးဘုရားနှင့် ရှင်သန်သော ပေါင်းစည်းခြင်း၌ ရှိကြပြီဖြစ်သည်၊ ထို့ကြောင့် ခမည်းတော်၌ရှိသမျှ၊ သားတော်၌ ရှိသမျှနှင့် ဝိညာဉ်တော်၌ရှိသမျှတို့သည် ကျွန်ုပ်တို့ပိုင်ဆိုင်ရာဖြစ်လာခဲ့သည်။

F. သုံးပါးတစ်ပါးဘုရား၏ နာမတော်အထဲသို့ ဗတ္တိဇံခံခြင်းမှာ ကိုယ်တော်နှင့်အတူ နက်နဲခြင်းဆိုင်ရာ ပေါင်းစည်းခြင်းအထဲသို့ ဘုရားသခင်ဖြစ်တော်မူသမျှကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ရယူပိုင်ဆိုင်ခြင်းသို့ ထားရှိခံရခြင်းဖြစ်သည်။

## III. ခရစ်တော်သည် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရား၏ အလယ်ဗဟိုဖြစ်သည် - ၂ကော၊၁၃း၁၄။

A. *အဆင့်ဆင့်ဖြတ်ကျော်ခြင်း* သည် သုံးပါးတစ်ပါးဘုရားက ဖြတ်ကျော်လာခဲ့သော အရေးကြီးသောအဆင့်များကို ရည်ညွှန်းသည်။

1. လူ့ဇာတိခံခြင်းမတိုင်မီက ဘုရားသခင်သည် အဆင့်ဆင့်ဖြတ်ကျော်ခြင်းမရှိသေးပါ၊ ဘုရားဆိုင်ရာသဘောသဘာဝသာရှိပြီး လူသားသဘောသဘာဝ မရှိပါ၊ သို့သော် လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်မှာအသေခံခြင်း၊ ရှင်ပြန်ထ မြောက်ခြင်းနှင့် တက်ကြွခြင်းတို့မှတစ်ဆင့် သုံးပါးတစ်ပါးဘုရားသည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံခဲ့သည်။
2. ဗျာဒိတ်ကျမ်း၌ သုံးပါးတစ်ပါးဘုရားသည် ဘုရားဇာတိ၊ လူသားဇာတိ၊ လူသားအသက်ရှင်ခြင်း၊ အရာအားလုံးပါဝင်သော အသေခံခြင်း၊ တန်ခိုးကြီးမားသော ရှင်ပြန်ထမြောက်ခြင်း၊ သာလွန်ထူးမြတ်သော တက်ကြွခြင်းတို့နှင့်အတူ အဆင့်ဆင့်ဖြတ် ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြစ်သည် - ၁း၄-၅။

B. အဆင့်ဆင့်ဖြတ်ကျော်ကာပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသည် ထိုဝိညာဉ်တော်ဖြစ်သည်- ၂၂း၁၇က။ ယော၊၇း၃၉။

1. ထိုဝိညာဉ်တော်သည် ဘုရားသခင်၏ဝိညာဉ်တော် ဂုဏ်ပုဒ်များ၏ ဒြပ်သဘာဝများအားလုံး၏ စုစုပေါင်း၊ စုစုပေါင်းရလဒ် ဖြစ်သည် - မ၊၃း၁၆။ ၁၀း၂၀။ လု၊၁း၃၅။ ၄း၁၈။ ရော၊၈း၉။ ဂလ၊၄း၆။
2. အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ထိုဝိညာဉ်တော် သည် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်း၏ ကောင်းချီးမင်္ဂလာဖြစ်သည် - ၃း၁၄။

C. ဗျာဒိတ်ကျမ်းရှိ သုံးပါးတစ်ပါးဘုရားသည် တည်ဆောက်သော၊တည်ဆောက်ခံရသောဘုရားသခင်ဖြစ်သည် - ၂၁း၁၈-၁၉က၊ ၂၁။

1. သမ္မာကျမ်းစာသည် ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံသည်၊ ယင်းသည် အစအဦး၌ ရှိခဲ့သော ဘုရားသခင်ပင်ဖြစ် သည် - က၊၁း၁။ ဗျာ၊၂၁း၁၀။
   a. တုန့်ပြန်ရာမဲ့ဘုရားသခင်သည် နောက်ဆုံးတွင် ကိုယ်တော်၏ထာဝရထင်ရှားခြင်းအတွက် မြို့တော်အဖြစ်သို့ ကြီးမားကာ ကျယ်ပြန့်လာခဲ့သည်။
   b. ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်သည် ယေရုရှလင်မြို့သစ်ဖြစ်လာခဲ့သည် - အငယ်၊၁၀။
   c. ယေရုရှလင်မြို့သစ်၌ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ရွေးချယ်ခံ၊ ရွေးနုတ်ခံလူများအထဲသို့ ဆောင်ယူခံရ သည် - အငယ်၊၁၈-၁၉က။ ၂၁က။
2. ယေရုရှလင်မြို့သစ်ဖြစ်လာသော ဘုရားသခင်သည် တည်ဆောက်သော၊ တည်ဆောက်ခံရသော ဘုရားသခင်ဖြစ်သည် - ၂ရှမွေ၊ ၇း၁၂၊ ၁၄က။ မ၊၁၆း၁၈။ ဧ၊၃း၁၇။
   a. အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသည် အရင်းအမြစ်၊ ဒြပ်သဘာဝနှင့် အနှစ် သာရအဖြစ် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ တည်ဆောက်ခြင်းအားဖြင့် အသင်းတော်ကို တည် ဆောက်နေသည် - အငယ်၊၁၇။

b. ဘုရားသခင်သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ တည်ဆောက်ရန်၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏ဖြစ်ခြင်းအထဲသို့ တည်ဆောက်ရန်ဟူသော ကိုယ်တော်၏အလိုဆန္ဒကို ပြည့်စုံစေနေသည်။ နောက်ဆုံးတွင် ဤတည်ဆောက်ခြင်း၏ ထွက်ပေါ်လာသောရလဒ်သည် ယေရုရှလင်မြို့သစ်ဖြစ်လိမ့်မည် - ဗျာ၊၂၁း၂၊ ၁၀။

D. ဗျာဒိတ်ကျမ်း၌ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ ပြီးမြောက်ပြည့်စုံသော ဖွင့်ပြခြင်းကို ကျွန်ုပ်တို့ မြင်ရသည် - ၂၂း၁-၂။ ၇း၁၇က။ ၂၁း၆ခ။ ယော၊၄း၁၄ခ။

1. ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းသည် ဘုရားသခင်က မိမိကိုယ်တော်တိုင်ကို သူ၏ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများအထဲသို့ သူတို့၏ အသက်၊ အသက်မစရာနှင့် အရာခပ်သိမ်းအဖြစ် ဖြည့်သွင်းပေးခြင်းပင်ဖြစ်သည် - ၂ကော၊၁၃း၁၄။
2. ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၌ ခမည်းတော်သည် စမ်းရေတွင်းဖြစ်ပြီး၊ သားတော်သည် စမ်းရေပေါက်ဖြစ်ကာ၊ ဝိညာဉ်တော်သည် စီးဆင်းခြင်းဖြစ်တော်မူသည်။

© 2025 Living Stream Ministry

Message Five

## ကျွန်ုပ်တို့ကို နားခိုခြင်းပေးသောအရှင် ခရစ်တော်

ဖတ်ရန်ကျမ်း။  ။ ကၢ၁း၂၆၊ ၃၁ - ၂း၂။ မၢ၁၁း၂၈-၃၀။ ထွ၊၃၁း၁၂-၁၇

**I. ”ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် နားခိုခြင်းကို ပေးမည်။ ငါ့ထမ်းပိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံမှ သင်ယူကြလော့။ ငါသည် စိတ်နှလုံး၌ နူးညံ့သိမ်မွေ့၍ နှိမ့်ချမှုရှိ၏။ သင်တို့ စိတ်များသည် နားခိုခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏ဟု မိန့်တော်မူ၏” — မၢ၁၁း၂၈-၃၀။**

A. ဤနေရာတွင် ပင်ပန်းကြီးစွာ လုပ်ဆောင်ခြင်း ဆိုသည်မှာ ပညတ်တရားနှင့် ဘာသာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စပ်ဆိုင်သော ပညတ်ချက်များကို စောင့်ထိန်းရန် ပင်ပန်းကြီးစွာ ကြိုးစားလုပ်ဆောင်ခြင်းကိုသာမက မည်သည့်အလုပ်တွင်မဆို အောင်မြင်မှု ရရှိစေရန် ပင်ပန်းကြီးစွာ ကြိုးစားလုပ်ဆောင်ခြင်းကိုလည်း ရည်ညွှန်းခြင်း ဖြစ်သည်။ ထို့ကြောင့် ပင်ပန်းကြီးစွာ လုပ်ဆောင်သော မည်သူမဆို အမြဲပင် လေးလံစွာ ဝန်ပိလျက်နေသည်။

B. သခင်ဘုရားသည် ခမည်းတော်ကို ချီးမွမ်းထောမနာပြုခြင်း၊ ခမည်းတော်၏နည်းလမ်းကို သိမှတ်ဝန်ခံခြင်းနှင့် ဘုရားဆိုင်ရာ စီမံကိန်းကို ကြေညာခြင်းတို့ကို ပြုပြီးသည့်နောက်တွင် (အငယ်၊၂၅-၂၇)၊ ကိုယ်တော်သည် ဤကဲ့သို့သော လူအမျိုးအစားကို နားခိုခြင်း ရရှိစေရန်အလို့ငှာ သူ့ထံသို့ လာရန် ခေါ်တော်မူခဲ့သည်။

C. နားခိုခြင်း ဆိုသည်မှာ ပင်ပန်းကြီးစွာ လုပ်ဆောင်ခြင်းနှင့် ပညတ်တရား သို့မဟုတ် ဘာသာတရားအောက်ရှိ၊ သို့မဟုတ် အလုပ် သို့မဟုတ် တာဝန်ဝတ္တရား တစ်စုံတစ်ရာအောက်ရှိ ဝန်မှ လွတ်မြောက်စေခြင်းကိုသာမက စုံလင်သော ငြိမ်သက်ခြင်းနှင့် ပြည့်ဝသော ကျေနပ်နှစ်သိမ့်ခြင်းကိုလည်း ရည်ညွှန်းခြင်း ဖြစ်သည်။

D. သခင်ဘုရား၏ထမ်းပိုးကို တင်၍ထမ်းခြင်း ဆိုသည်မှာ ခမည်းတော်၏အလိုတော်ကို တင်၍ထမ်းခြင်း ဖြစ်သည်။ ယင်းသည် ပညတ်တရား သို့မဟုတ် ဘာသာတရား၏ဝတ္တရား တစ်စုံတစ်ခုအားဖြင့် ကန့်သတ်ခံရခြင်း သို့မဟုတ် ထိန်းချုပ်ခံရခြင်း သို့မဟုတ် အလုပ်တစ်စုံတစ်ရာအားဖြင့် ကျွန်ပြုခံရခြင်း မဟုတ်ဘဲ၊ ခမည်းတော်၏အလိုတော်အားဖြင့် ဘောင်ခတ်ခံရခြင်း ဖြစ်သည်။

E. သခင်ဘုရားသည် ထိုကဲ့သို့သော အသက်တာကို အသက်ရှင်ကာ၊ ခမည်းတော်၏အလိုတော်မှလွဲ၍ မည်သည့်အရာကိုမျှ ဂရုမစိုက်ခဲ့ပေ။ ကိုယ်တော်သည် မိမိကိုယ်ကို ခမည်းတော်၏အလိုတော်ထံ ပြည့်ဝစွာ ဝန်ခံခဲ့သည် (မ၊၂၆း၃၉၊ ၄၂)။ ထို့ကြောင့်၊ ကိုယ်တော်က ကျွန်ုပ်တို့အား သူ့ထံမှ သင်ယူရန် မိန့်တော်မူခြင်း ဖြစ်သည်။

1. ယုံကြည်သူများသည် ကိုယ်တော်၏ထမ်းပိုး ဖြစ်သော ဘုရားသခင်၏အလိုတော်ကို ထမ်းခြင်းအားဖြင့် သူတို့၏ဝိညာဉ်၌ သခင်ဘုရားကို အတုခိုးကြပြီး ကိုယ်တော်၏နမူနာအတိုင်း ဘုရားသခင်၏စီမံကိန်းအတွက် ပင်ပန်းကြီးစွာ လုပ်ဆောင်ကြသည် - ၁၁း၂၉က။ ၁ပေ၊၂း၂၁။
2. အသက်တာတစ်လျှောက်လုံးတွင် ခမည်းတော်ထံ ဝန်ခံခြင်းနှင့် နာခံခြင်း ရှိခဲ့သော သခင်ဘုရားသည် ကျွန်ုပ်တို့အား ဝန်ခံခြင်းနှင့် နာခံခြင်း ရှိသော မိမိ၏အသက်ကို ပေးထားပြီးဖြစ်သည် - ဖိ၊၂း၅-၁၁။ ဟေဗြဲ၊၅း၇-၉။
3. ခရစ်တော်သည် ပထမဆုံး ဘုရား-လူ ဖြစ်တော်မူပြီး၊ ကျွန်ုပ်တို့သည် များစွာသော ဘုရား-လူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ ကိုယ်တော်၏အကြွင်းမဲ့ဝန်ခံခြင်းနှင့် ဘုရားသခင်အား ကိုယ်တော်၏အဆုံးစွန် ကျေနပ်နှစ်သိမ့်ခြင်းတို့ကို ကိုယ်တော့်ထံမှ သင်ယူကြရမည်။
4. ဘုရားသခင်သည် သခင်ယေရှုမှတစ်ဆင့် ကျွန်ုပ်တို့၌ လုပ်ဆောင်လျက်ရှိသည်၊ ယင်းမှာ ကိုယ်တော်၏အမြင်တွင် ကျေနပ်အားရစရာကောင်းခြင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏အလိုတော်ကို လုပ်ဆောင်နိုင်စေရန် ဖြစ်သည် (၁၃း၂၀-၂၁)။ ဘုရားသခင်သည် ကိုယ်တော်၏ကောင်းသော ကျေနပ်အားရခြင်းအတွက်၊ အလိုရှိခြင်းငှာလည်းကောင်း၊ လုပ်ဆောင်ခြင်းငှာလည်းကောင်း ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်တော်မူသည် (ဖိ၊၂း၁၃)။

F. နူးညံ့သိမ်မွေ့ခြင်း သို့မဟုတ် နူးညံ့ခြင်း ဆိုသည်မှာ ဆန့်ကျင်မှုကို မခုခံခြင်းကို ဆိုလိုပြီး၊ နှိမ့်ချခြင်း ဆိုသည်မှာ မိမိကိုယ်ကို အထင်ကြီးမှု မရှိခြင်းကို ဆိုလိုသည်။ ဆန့်ကျင်မှုမှန်သမျှကို ခံရစဉ် တစ်လျှောက်လုံးတွင် သခင်ဘုရားသည် နူးညံ့သိမ်မွေ့ခဲ့ပြီး၊ ငြင်းပယ်မှုမှန်သမျှကို ခံရစဉ် တစ်လျှောက်လုံးတွင် ကိုယ်တော်သည် စိတ်နှလုံး၌ နှိမ့်ချတော်မူခဲ့သည်။

G. ကိုယ်တော်သည် ခမည်းတော်၏အလိုတော်ထံ မိမိကိုယ်ကို ပြည့်ဝစွာ ဝန်ခံခဲ့ပြီး၊ မိမိအတွက် တစ်စုံတစ်ရာကို ပြုလုပ်လိုခြင်း သို့မဟုတ် မိမိအတွက် တစ်စုံတစ်ခုကို ရယူရန် မျှော်မှန်းခြင်း မရှိခဲ့ပေ။ ထို့ကြောင့်၊ မည်သည့်အခြေအနေဖြစ်စေ ကိုယ်တော်သည် သူ၏စိတ်နှလုံး၌ နားခိုခြင်း ရှိခဲ့သည်။ ကိုယ်တော်သည် ခမည်းတော်၏အလိုတော်ကို ပြည့်ဝစွာ ကျေနပ်နှစ်သိမ့်မှု ရှိခဲ့သည်။

H. သခင်ဘုရား၏ထမ်းပိုးကို ထမ်းခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော့်ထံမှ သင်ယူခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့ ရရှိသည့် နားခိုခြင်းသည် ကျွန်ုပ်တို့၏စိတ်များအတွက် ဖြစ်သည်။ ၎င်းသည် အတွင်းပိုင်းနားခိုခြင်း ဖြစ်သည်။ ၎င်းသည် သဘောသဘာဝ၌ အပြင်ပန်းမျှသာ ဖြစ်သော တစ်စုံတစ်ရာ မဟုတ်ပါ။

I. ကျွန်ုပ်တို့သည် ကိုယ်တော်၏စံနမူနာအတိုင်း သခင်ဘုရားထံမှ သင်ယူကြသည်၊ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာအသက်အားဖြင့် မဟုတ်ဘဲ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့၏အသက်တည်းဟူသော ကိုယ်တော်အားဖြင့် သင်ယူကြခြင်း ဖြစ်သည် - ဧ၄း၂၀-၂၁။ ၁ပေ၂း၂၁။

J. သခင်ဘုရား၏ထမ်းပိုးသည် ခမည်းတော်၏အလိုတော် ဖြစ်ပြီး၊ ကိုယ်တော်၏ဝန်မှာ ခမည်းတော်၏အလိုတော်ကို ထမ်းရွက်သည့်အလုပ် ဖြစ်သည်။ ထိုကဲ့သို့သော ဝန်သည် လွယ်သည်၊ ခါးသီးခြင်း မရှိပေ။ ထိုကဲ့သို့သော ဝန်သည် ပေါ့ပါးပြီး လေးလံခြင်း မရှိပေ။

K. *လွယ်သည်* ဟူသော ဂရိစကားလုံးသည် "အသုံးပြုရန် သင့်လျော်သည်" ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ကောင်းမွန်ခြင်း၊ ကြင်နာတတ်ခြင်း၊ လွယ်ကူခြင်း၊ နှစ်လိုဖွယ်ကောင်းခြင်းဟု အဓိပ္ပါယ်ရသည် - မာကျောခြင်း၊ ခက်ထန်ခြင်း၊ မညှာတာတတ်ခြင်း၊ ခါးသီးခြင်းတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

L. ကျွန်ုပ်တို့သည် သခင်ဘုရား၏ထမ်းပိုး (ခမည်းတော်၏အလိုတော်) ကို ကျွန်ုပ်တို့အပေါ် တင်၍ ထမ်းပြီး ကိုယ်တော်ထံမှ သင်ယူပါက၊ ကျွန်ုပ်တို့၏စိတ်များသည် နားခိုခြင်း ရှိကြလိမ့်မည်။ ဘုရားသခင်၏စီမံကိန်းနှင့်စပ်ဆိုင်သော ထမ်းပိုးမှာ ဤကဲ့သို့ ဖြစ်သည်။ ဘုရားသခင်၏စီမံကိန်း၌ အရာခပ်သိမ်းသည် လေးလံသော ဝန် မဟုတ်ဘဲ မွေ့လျော်ဝမ်းမြောက်မှု ဖြစ်သည်။

**II. ဘုရားသခင်၏ကိန်းဝပ်သောနေရာကို တည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့် ရှည်လျားသော မှတ်တမ်းပြီးနောက်၊ ထွက်မြောက်ရာကျမ်း ၃၁း၁၂-၁၇ တွင် ဥပုသ်နေ့ကို စောင့်ထိန်းရန် ပညတ်ချက်ကို ထပ်တလဲလဲပြောဆိုထားသည်။ ကောလောသဲ ၂း၁၆-၁၇ အရ၊ ခရစ်တော်သည် ဥပုသ်နေ့နားခိုခြင်း၏စစ်မှန်ခြင်း ဖြစ်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပြီးပြည့်စုံခြင်း၊ နားခိုခြင်း၊ ဆိတ်ငြိမ်ခြင်းနှင့် ပြည့်ဝသော ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်တော်မူသည် - ဟေဗြဲ၄း၇-၉။ ဟေရှာ၃၀း၁၅က။**

A. တဲတော်ကို တည်ဆောက်သည့်အလုပ်အတွက် ညွှန်ကြားချက်နောက်တွင် ဥပုသ်နေ့နှင့်စပ်လျဉ်း၍ ထည့်သွင်းရခြင်းမှာ သခင်ဘုရားက တည်ဆောက်သူများ၊ လုပ်ဆောင်သူများသည် ကိုယ်တော့်အတွက် လုပ်ဆောင်နေစဉ် ကိုယ်တော်နှင့်အတူ မည်ကဲ့သို့ နားခိုရမည်ကို သင်ယူရန် ပြောဆိုနေခြင်း ဖြစ်ကြောင်း ရည်ညွှန်းသည်။

B. ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကိုသာ သိပြီး ကိုယ်တော်နှင့်အတူ မည်ကဲ့သို့ နားခိုရမည်ကို မသိပါက၊ ဘုရားဆိုင်ရာမှုအလေ့အလာနှင့် ဆန့်ကျင်ဘက် ပြုမူလုပ်ဆောင်နေကြခြင်း ဖြစ်ပေမည်။

1. ဘုရားသခင်သည် ခုနစ်ရက်မြောက်နေ့တွင် အနားယူတော်မူခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် သူ၏အလုပ်ပြီးစီး၍ ကျေနပ်နှစ်သိမ့်တော်မူသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ ဘုန်းတော်သည် ထင်ရှားပေါ်လွင်ခြင်း ရှိလေသည်၊ အဘယ်ကြောင့်ဆိုသော် လူ၌ ကိုယ်တော်၏ပုံသဏ္ဍာန် ရှိပြီး၊ ကိုယ်တော်၏အခွင့်အာဏာသည် ကိုယ်တော်၏ရန်သူ၊ စာတန်ကို နှိမ်နင်းရန် လေ့ကျင့်ခြင်း ရှိတော့မည် ဖြစ်သောကြောင့်ပေတည်း။ လူသည် ဘုရားသခင်ကို ကိုယ်ထင်ရှားပြီး ဘုရားသခင်၏ရန်သူနှင့် ဆက်ဆံဖြေရှင်းသည့်ကာလပတ်လုံး၊ ဘုရားသခင်သည် ကျေနပ်အားရတော်ပြီး အနားယူနိုင်ပါသည် - က၁း၂၆၊ ၃၁-၂း၂

2. နောက်ပိုင်းတွင်၊ ခုနစ်မြောက်နေ့ကို ဥပုသ်နေ့အဖြစ် အောက်မေ့ခဲ့ကြသည် (ထွ၊၂၀း၈-၁၁)။ ဘုရားသခင်၏ ခုနစ်ရက်မြောက်သည် လူအတွက် ပထမဦးဆုံးနေ့ ဖြစ်သည်။
3. ဘုရားသခင်သည် လူ၏မွေ့လျော်ဝမ်းမြောက်မှုအတွက် အရာခပ်သိမ်းကို အသင့်ပြင်ဆင်ဆော်မူခဲ့သည်။ လူသည် ဖန်ဆင်းခံရပြီးနောက်တွင်၊ ဘုရားသခင်၏အလုပ်၌ မပေါင်းစည်းခဲ့ပေ။ သူသည် ဘုရားသခင်၏နားခိုခြင်းအထဲသို့ ဝင်ရောက်သွားခဲ့သည်။
4. လူသည် ရှေးဦးစွာ လုပ်ဆောင်ရန်အတွက် ဖန်ဆင်းခံရခြင်း မဟုတ်ဘဲ ဘုရားသခင်နှင့်အတူ ကျေနပ်နှစ်သိမ့်ခြင်း ရှိရန်နှင့် ဘုရားသခင်နှင့်အတူ နားခိုရန် ဖန်ဆင်းခံရခြင်း ဖြစ်သည်။ ဥပုသ်နေ့သည် လူအတွက် ပြုလုပ်ခံရခြင်း ဖြစ်သည်၊ လူသည် ဥပုသ်နေ့အတွက် ပြုလုပ်ခံရခြင်း မဟုတ်ပါ (မာ၊၂း၂၇)။

C. ထွက်မြောက်ရာကျမ်း ၃၁း၁၇ က "အကြောင်းမူကား ယေဟောဝါသည် ကောင်းကင်နှင့် မြေကြီးကို ခြောက်ရက်လုံး ဖန်ဆင်း၍၊ သတ္တမနေ့ရက်၌ နားနေလျက်၊ အားဖြည့်တော်မူသည်" ဟု ပြောဆိုထားသည်။

1. ဥပုသ်နေ့သည် ဘုရားသခင်အဖို့ နားခိုခြင်း ဖြစ်သည်သာမက ကိုယ်တော့်အဖို့ အားဖြည့်ခြင်းလည်း ဖြစ်သည်။
2. ဘုရားသခင်၏ သူ၏ဖန်ဆင်းခြင်းအလုပ် ပြီးစီးသည့်နောက်တွင် အနားယူတော်မူခဲ့သည်။ ကိုယ်တော်သည် သူ၏လက်ရာများအပေါ်၊ ကောင်းကင်များ၊ မြေကြီးနှင့် သက်ရှိအရာများအားလုံး၊ အထူးသဖြင့် လူကို ကြည့်ရှုတော်မူပြီး "အလွန်ကောင်းသည်" ဟု မိန့်တော်မူခဲ့သည် (က၊၁း၃၁)။
3. ဘုရားသခင်သည် လူနှင့်အတူ အားဖြည့်တော်မူခဲ့သည်။ ဘုရားသခင်သည် လူကို မိမိ၏ပုံသဏ္ဌာန်၌ ဝိညာဉ်ပါလျက် ဖန်ဆင်းတော်မူခဲ့သည်၊ သို့မှသာ လူသည် ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်း ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့်၊ လူသည် ဘုရားသခင်၏ အားဖြည့်ခြင်း ဖြစ်သည် - အငယ်၊၂၆၊ ၂း၇။ ညွှန်း၊ ယော၊၄း၃၁-၃၄။
4. ဘုရားသခင်သည် လူသားမျိုးနွယ်ကို မဖန်ဆင်းမီ "လူပျိုလူလွတ်" ဖြစ်ခဲ့သည် (ညွှန်း၊ က၊၂း၁၈-၂၂)။ လူသည် ကိုယ်တော်၏ ဇနီး ဖြစ်လာစေခြင်းငှာ ကိုယ်တော့်ကို လက်ခံရယူရန်၊ ကိုယ်တော့်ကို ချစ်ရန်၊ ကိုယ်တော်နှင့် ဖြည့်ခြင်းခံရန်နှင့် ကိုယ်တော့်ကို ထင်ရှားရန် အလိုတော်ရှိခဲ့သည် (၂ကော၊၁၁း၂။ ဧ၊၅း၂၅)။ ထာဝရအနာဂတ်ကာလတွင် ဘုရားသခင်၌ ဇနီး၊ ယေရုရှလင်မြို့သစ် ရှိလိမ့်မည်ဖြစ်၍ ယင်းကို သိုးသငယ်၏ဇနီးဟု ခေါ်ဝေါ်သည် (ဗျာ၊၂၁း၉-၁၀)။
5. လူသည် ဘုရားသခင်ကို ရေငတ်ပြေစေပြီး ကိုယ်တော့်ကို ကျေနပ်နှစ်သိမ့်စေသော အားဖြည့်သောက်ဖွယ်ကဲ့သို့ ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏အလုပ်ကို အဆုံးသတ်ပြီး စတင် အနားယူသောအခါ၊ လူသည် ကိုယ်တော်၏အဖော်အနေဖြင့် ကိုယ်တော်၌ ရှိခဲ့သည်။
6. ဘုရားသခင်အဖို့ ခုနစ်ရက်မြောက်နေ့ ဆိုသည်မှာ နားခိုခြင်းနှင့် အားဖြည့်ခြင်းနေ့ ဖြစ်ခဲ့သည်။ သို့သော်၊ ဘုရားသခင်၏ အဖော် ဖြစ်သော လူအဖို့မူကား၊ နားခိုခြင်းနှင့် အားဖြည့်ခြင်းနေ့သည် ပထမဆုံးနေ့ ဖြစ်ခဲ့သည်။ လူ၏ပထမဆုံးနေ့သည် မွေ့လျော်ဝမ်းမြောက်ခြင်းနေ့ ဖြစ်ခဲ့သည်။

D. ကျွန်ုပ်တို့၌ မွေ့လျော်ဝမ်းမြောက်မှု မရရှိမချင်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို မလုပ်ဆောင်ခိုင်းခြင်းမှာ ဘုရားဆိုင်ရာမူအလေ့အလာတစ်ခု ဖြစ်သည်။ ကိုယ်တော်နှင့်အတူ၊ ကိုယ်တော့်ကို ပြည့်ဝစွာ မွေ့လျော်ဝမ်းမြောက်ပြီးနောက်တွင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူတကွ လုပ်ဆောင်နိုင်ပါသည်။

1. ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ မည်ကဲ့သို့ မွေ့လျော်ဝမ်းမြောက်မှု ရှိရမည်၊ ဘုရားသခင်ကိုယ်တော်တိုင်ကို မည်ကဲ့သို့ မွေ့လျော်ဝမ်းမြောက်ရမည်၊ ဘုရားသခင်နှင့် မည်ကဲ့သို့ ဖြည့်ခြင်းခံရမည်ကို မသိပါက၊ ကိုယ်တော်နှင့်အတူ မည်ကဲ့သို့ လုပ်ဆောင်ပြီး ကိုယ်တော်၏ဘုရားဆိုင်ရာအလုပ်၌ ကိုယ်တော်နှင့် မည်ကဲ့သို့ တစ်လုံးတစ်ဝရှိရမည်ကို သိကြလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် မိမိ၏အလုပ်၌ လုပ်ဆောင်ပြီးမြောက်သောအရာကို လူက မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။
2. ပင်တေကုတ္တေပွဲနေ့တွင် တပည့်တော်များသည် ဝိညာဉ်တော်ဖြင့် ဖြည့်ခြင်းခံခဲ့ရသည်၊ ယင်းမှာ သူတို့သည် သခင်ဘုရား၏ မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် ဖြည့်ခြင်းခံခဲ့ရကြောင်း ဆိုလိုသည်။ သူတို့သည် ဝိညာဉ်တော်ဖြင့် ဖြည့်ခြင်းခံခဲ့ရသောကြောင့်၊ အခြားသူများက သူတို့သည် စပျစ်ရည်ဖြင့် ယစ်မူးနေသည်ဟု ထင်ခဲ့ကြသည် - တ၊၂း၄က၊ ၁၂-၁၃။

3. အကယ်စင်စစ်၊ သူတို့သည် ကောင်းကင်ဆိုင်ရာစပျစ်ရည်၏မွေ့လျော်ဝမ်းမြောက်မှုဖြင့် ပြည့်ဝနေခြင်း ဖြစ်သည်။ သူတို့သည် ဤမွေ့လျော်ဝမ်းမြောက်မှုဖြင့် ဖြည့်ခြင်းခံရပြီးသောအခါမှသာ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၌ ဘုရားသခင်နှင့်အတူ လုပ်ဆောင်ရန် အစပြုခဲ့ကြခြင်း ဖြစ်သည်။ ပင်တေကုတ္တေပွဲနေ့သည် သိတင်းပတ် ရှစ်ပတ်မြောက်၏ ပထမဆုံးနေ့ဖြစ်ခဲ့သည်။ ထို့ကြောင့်၊ ပင်တေကုတ္တေပွဲနေ့နှင့်စပ်လျဉ်း၍ ပထမနေ့၏မူအလေ့အလာကို ကျွန်ုပ်တို့ မြင်တွေ့ရသည်။
4. ၎င်းသည် ဘုရားသခင်အတွက် လုပ်ဆောင်ခြင်းနှင့် အနားယူခြင်းအကြောင်းအရာ ဖြစ်သော်လည်း၊ လူအတွက် နားခိုခြင်းနှင့် လုပ်ဆောင်ခြင်းအကြောင်းအရာ ဖြစ်သည်။

E. တဲတော်ကို တည်ဆောက်ရန် အလုပ်အားဖြင့် ပုံဆောင်ထားသော အသင်းတော်ကို တည်ဆောက်ရန် ဘုရားသခင်၏ ဘုရားဆိုင်ရာအလုပ်ကို လုပ်ဆောင်ရာတွင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူများ ဖြစ်ကြောင်းနှင့် ကိုယ်တော်ကို လိုအပ်ကြောင်း ညွှန်ပြသော အမှတ်လက္ခဏာကို ဆောင်ကြရမည်။ ထိုအခါ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝတည်း ရှိခြင်းအားဖြင့် ဘုရားသခင်အတွက်သာမက ဘုရားသခင်နှင့်အတူလည်း လုပ်ဆောင်နိုင်စွမ်း ရှိကြလိမ့်မည်။ ကိုယ်တော်သည် လုပ်ဆောင်ရန် ကျွန်ုပ်တို့၏သန်စွမ်းမှုနှင့် အားထုတ်လုပ်ဆောင်ရန် ကျွန်ုပ်တို့၏စွမ်းအား ဖြစ်လိမ့်မည်။

1. ကျွန်ုပ်တို့သည် ဘုရားသခင်၏လူများ ဖြစ်ကြပြီး၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှု၊ သန်စွမ်းမှု၊ စွမ်းအားနှင့် အရာခပ်သိမ်းဖြစ်ရန် ကိုယ်တော့်ကို ကျွန်ုပ်တို့ လိုအပ်ကြောင်း အမှတ်လက္ခဏာကို ဆောင်သင့်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ရိုသေလေးမြတ်ရန်နှင့် ဘုန်းထင်ရှားစေရန် ကိုယ်တော်အတွက် လုပ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။
2. ဥပုသ်နေ့ဆိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် မလုပ်ဆောင်မီ၊ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ပြီး ကိုယ်တော်ဖြင့် ဖြည့်ခြင်းခံရန် လိုအပ်ကြောင်း ဆိုလိုခြင်း ဖြစ်သည်။ ပေတရုသည် အတွင်း၌ ဖြည့်ပေးသော ဘုရားသခင်၊ အတွင်း၌ ဖြည့်ပေးသော ဝိညာဉ်တော်အားဖြင့် ဧဝံဂေလိတရားကို ဟောပြောခဲ့သည်။ ထို့ကြောင့်၊ ပေတရု၌ သူသည် ဘုရားသခင်၏လုပ်ဖော်ဆောင်ဖက် ဖြစ်ကြောင်းနှင့် သူ၏ဧဝံဂေလိတရား ဟောပြောခြင်းသည် ဘုရားသခင်အဖို့ ရိုသေလေးမြတ်ခြင်းနှင့် ဘုန်းတော် ဖြစ်ကြောင်း အမှတ်လက္ခဏာတစ်ခု ရှိခဲ့သည် - အငယ်၊၁၄။
3. ဘုရားသခင်၏လူများအနေဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ နားခိုခြင်း၊ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ဘုရားသခင်ဖြင့် ဦးစွာ အဖြည့်ခံခြင်း ရှိသော အမှတ်လက္ခဏာကို ဆောင်ပြီး၊ ထို့နောက်မှ ကျွန်ုပ်တို့အား ဖြည့်တော်မူသော ဤအရှင်နှင့်အတူ လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အပြင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်သည်သာမက ဘုရားသခင်နှင့် တစ်လုံးတစ်ဝ ရှိသောသူများအနေဖြင့်လည်း လုပ်ဆောင်ကြခြင်း ဖြစ်သည်။
4. ဘုရားသခင်၏လူများထံ ကျွန်ုပ်တို့ ပြောဆိုရာတွင်၊ ကျွန်ုပ်တို့၏သခင်ဘုရားသည် ကျွန်ုပ်တို့၏သန်စွမ်းမှု၊ ကျွန်ုပ်တို့၏စွမ်းအားနှင့် နှုတ်ကပတ်တော်ကို အမှုဆောင်ရန်အတွက် ကျွန်ုပ်တို့၏အရာခပ်သိမ်း ဖြစ်သည်ဟူသော အမှတ်လက္ခဏာကို ဆောင်ရန် အမြဲကြိုးစားရမည် - ၂ကော၊၁၃း၃။ တ၊၆း၄။

F. ဥပုသ်နေ့ကို စောင့်ထိန်းခြင်းသည် ထာဝရသဘောတူညီချက် သို့မဟုတ် ပဋိညာဉ်လည်း ဖြစ်ပြီး၊ ယင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ရှေးဦးစွာ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ကိုယ်တော်ဖြင့် အဖြည့်ခံခြင်းအားဖြင့်လည်းကောင်း၊ ထို့နောက် ကိုယ်တော်အတွက်၊ ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၌ လုပ်ဆောင်ခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်း ရှိမည်ဖြစ်ကြောင်း ဘုရားသခင်ကို အာမခံခြင်း ဖြစ်သည် - ထွ၊၃၁း၁၆။

1. ကိုယ်တော့်ကို အတွင်းသို့ ရယူခြင်းနှင့် ကိုယ်တော့်ကို သောက်သုံးခြင်းနှင့် စားသုံးခြင်းအားဖြင့် မွေ့လျော်ဝမ်းမြောက်ခြင်း မရှိဘဲ သခင်ဘုရားအတွက် ကျွန်ုပ်တို့ကိုယ်တိုင်အားဖြင့် လုပ်ဆောင်ခြင်းမှာ စိုးရိမ်ရသော အကြောင်းအရာတစ်ခု ဖြစ်သည် - ညွှန်း၊ ၁ကော၊၁၂း၁၃။ ယော၊၆း၅၇။
2. ပေတရုသည် ပင်တေကုတ္တေပွဲနေ့တွင် ဟောပြောနေစဉ်၊ ယေရှုကို အတွင်းပိုင်းဆိုင်ရာအရ ပါဝင်ဆက်ဆံနေခြင်း၊ ကိုယ်တော့်ကို သောက်သုံးနေခြင်းနှင့် စားသုံးနေခြင်း ဖြစ်သည်။

G. ဥပုသ်နေ့သည် သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းအရာလည်း ဖြစ်သည် (ထွ၊၃၁း၁၃)။ ကျွန်ုပ်တို့သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ပြီး ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်အတွက်နှင့် ကိုယ်တော်နှင့် တစ်လုံးတစ်ဝ ရှိခြင်းအားဖြင့် လုပ်ဆောင်သောအခါ၊

အလိုအလျောက် သန့်ရှင်းစင်ကြယ်ခံရခြင်း၊ နိမ့်ကျသောအရာအားလုံးမှ ဘုရားသခင်ထံသို့ သီးသန့်ခွဲခြား ခံရခြင်းနှင့် အသွေးအသားဆန်ပြီး ဇာတိဆန်သော အရာအားလုံးကို အစားထိုးရန် ဘုရားသခင်ဖြင့် ပျော်ဝင်ပြည့်ဝခြင်း ရှိကြသည်။

H. အသင်းတော်အသက်တာတွင် ကျွန်ုပ်တို့သည် သခင်ဘုရားကို ရှေးဦးစွာ မွေ့လျော်ဝမ်းမြောက်ခြင်း မရှိဘဲ၊ သခင်ဘုရားနှင့် တစ်လုံးတစ်ဝ ရှိခြင်းအားဖြင့် သခင်ဘုရားကို အစေမခံဘဲ အရာများစွာကို လုပ်ဆောင်ကောင်းလုပ်ဆောင်နိုင်သည်။ ထိုကဲ့သို့သော အစေခံခြင်းမျိုးသည် ဝိညာဉ်ရေးရာသေခြင်းနှင့် ကိုယ်ခန္ဓာတော်၌ မိတ်သဟာယ ပြတ်တောက်ခြင်းတို့ကို ရလဒ်ထွက်ပေါ်စေသည် (အငယ်၊၁၄-၁၅)။

I. ဘုရားသခင်၏ကိန်းဝပ်သောနေရာနှင့် ဆက်နွယ်သော အရာခပ်သိမ်းသည် ကျွန်ုပ်တို့ကို အကြောင်းအရာတစ်ခုထံ ဦးဆောင်ပေးသည် - ယင်းမှာ ဥပုသ်နေ့နှင့်အတူ ၎င်း၏နားခိုခြင်းနှင့် သခင်ဘုရား၏အားဖြည့်ခြင်းအကြောင်းအရာ ဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် တဲတော်၌ ရှိကြပြီး၊ တဲတော်သည် ကျွန်ုပ်တို့ကို နားခိုခြင်း၊ ဘုရားသခင်၏အကြံအစည်တော်နှင့် ကိုယ်တော် ပြုခဲ့ပြီးသောအရာတို့ကို မွေ့လျော်ဝမ်းမြောက်ခြင်းသို့ ဦးဆောင်ပေးသည်။

J. တဲတော်နှင့် ၎င်း၏ပရိဘောဂအားလုံးကို တည်ဆောက်သည့်အလုပ် (အသင်းတော်ကို တည်ဆောက်ရန် သခင်ဘုရား၏ အလုပ်အားဖြင့် ပုံဆောင်ထားခြင်း) သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် အစပြုသင့်ပြီး ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ကြားကာလများ၌ အားဖြည့်ခြင်းနှင့်အတူ ရှေ့ဆက်သွားသင့်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် ကိုယ်ပိုင်သန်စွမ်းမှုအားဖြင့် ဘုရားသခင်အတွက် လုပ်ဆောင်ခြင်း မဟုတ်ဘဲ၊ ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်း ရှိခြင်းအားဖြင့် လုပ်ဆောင်ခြင်း ဖြစ်ကြောင်း ညွှန်ပြလိမ့်မည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်၌ အတွင်းနားခိုခြင်းတည်းဟူသော ခရစ်တော်နှင့်အတူ ဥပုသ်နေ့၏မူအလေ့အလာကို စောင့်ထိန်းခြင်း ဖြစ်သည်။

© 2025 Living Stream Ministry

Message Six

## ကောင်းကင်၌လည်းကောင်း၊ မြေကြီးပေါ်မှာလည်းကောင်း အခွင့်အာဏာရှိသမျှကို ခံရသောအရှင်အဖြစ် ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ မ၊၇း၂၉။ ၂၁း၂၄။ လု၊၅း၂၄။ ရော၊၉း၂၁-၂၂။ ဟေမြဲ၊၁၃း၁၇

**I. ကျွန်ုပ်တို့သည် အခွင့်အာဏာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မြင်ရန် လိုအပ်သည် - မ၊၇း၂၉။**

A. အခွင့်အာဏာ၏ အကောင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အမိန့်ပေးရန်၊ ဆုံးဖြတ်ချက်ချပေးရန်၊ နာခံခြင်းပြုစေရန် တန်ခိုး သို့မဟုတ် အခွင့်အရာရှိခြင်း ဖြစ်ပြီး၊ မကြာခဏဆိုသလို အစွမ်းတန်ခိုး သို့မဟုတ် ကျွမ်းကျင်ပိုင်နိုင်မှုအဆင့်အနေအထားမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

B. သမ္မာကျမ်းစာ၌ *အခွင့်အာဏာ* သည် "တန်ခိုးကို လေ့ကျင့်လုပ်ဆောင်ရန် ကျင့်ဝတ်ဆိုင်ရာ အခွင့်အရာဖြစ်ပြီး၊ ယင်းမှာ အဆုံးစွန်အနေဖြင့် ဘုရားသခင်ထံမှဆင်းသက်လာကာ၊ ဘုရားသခင်နှင့် အစပြုခြင်း ဖြစ်သည်။"

**II. ဘုရားသခင်သည် အထွတ်အထိပ် အခွင့်အာဏာဖြစ်သည်။ ကိုယ်တော်၌ အခွင့်အာဏာအားလုံး ရှိသည် - ရော၊၉း၂၁-၂၂။**

A. ဘုရားသခင်၏အခွင့်အာဏာသည် ဘုရားသခင်ကိုယ်တော်တိုင်ကို ကိုယ်စားပြုသည်။ ဘုရားသခင်၏တန်ခိုးတော်သည် ဘုရားသခင်၏ အလုပ်များကိုသာ ကိုယ်စားပြုသည် - မ၊၂၁း၂၄။ လု၊၅း၂၄။

B. ဘုရားသခင်၏အခွင့်အာဏာသည် အမှန်တကယ်တွင် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ အခွင့်အာဏာသည် ဘုရားသခင်၏ဖြစ်ခြင်းကိုယ်တိုင်မှ ထွက်ပေါ်လာသည် - ဗျာ၊၂၂း၁။

C. အခွင့်အာဏာရှိသမျှ - ဝိညာဉ်ဆိုင်ရာ၊ အဆင့်အနေအထားဆိုင်ရာနှင့် အုပ်စိုးမှုဆိုင်ရာ - တို့သည် ဘုရားသခင်ထံမှ ဆင်းသက်လာသည် - ၂ကော၊၁၀း၈။ ၁၃း၁၀။ ယော၊၁၉း၁၀-၁၁။ က၊၉း၆။

D. ကျွန်ုပ်တို့သည် ဘုရားသခင်၏အခွင့်အာဏာကို ထိတွေ့သောအခါ ဘုရားသခင်ကိုယ်တော်တိုင်ကို ထိတွေ့ခြင်းဖြစ်သည် - ဟေရှာ၊၆း၁-၅။

1. ဘုရားသခင်၏အခွင့်အာဏာကို တွေ့ဆုံခြင်းမှာ ဘုရားသခင်ကို တွေ့ဆုံခြင်းနှင့် တူညီသည် - အာ၊၄း၁၂။
2. ဘုရားသခင်၏ အခွင့်အာဏာတော်ကို ထိပါးစော်ကားခြင်းမှာ ဘုရားသခင်ကိုယ်တော်တိုင်ကို ပြစ်မှားစော်ကားခြင်းနှင့် တူညီသည်။

E. ကျွန်ုပ်တို့နှင့် ဘုရားသခင်၏ဆက်နွယ်မှု၌ အခွင့်အာဏာကို ထိတွေ့ခြင်းထက် ပိုအရေးကြီးသောအရာ ဘာမျှမရှိပါ - တ၊၉း၅။ မ၊၁၁း၂၅။

F. အခွင့်အာဏာကို သိကျွမ်းခြင်းမှာ အပြင်ပိုင်းသွန်သင်ခြင်းထက် အတွင်းပိုင်း ဖွင့်ပြခြင်းဖြစ်သည် - တ၊၂၂း၆-၁၆။

G. ဘုရားသခင်သာလျှင် လူထံသို့ တိုက်ရိုက်အခွင့်အာဏာဖြစ်သည်။ အခြားအခွင့်အာဏာအားလုံးမှာ သွယ်ဝိုက်အခွင့်အာဏာများ - ဘုရားသခင်ခန့်အပ်ထားသည့် ကိုယ်စားပြုအခွင့်အာဏာများ၊ ကိုယ်စားအပ်နှင်းထားသောအခွင့်အာဏာများ ဖြစ်သည် - ဒံ၊၄း၃၂၊ ၃၄-၃၇။

1. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အခွင့်အာဏာကို တွေ့ဆုံရမှသာလျှင် ဘုရားသခင်ခန့်အပ်ထားသော ကိုယ်စားပြုအခွင့်အာဏာများထံ ကျွန်ုပ်တို့ ဝန်ခံလာနိုင်ခြင်းဖြစ်သည် - မ၊၂၈း၁၈။ ဟေမြဲ၊၁၃း၁၇။ ၁ပေ၊၅း၅။
2. ဘုရားသခင်က ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့မျှသာမက၊ ကိုယ်စားပြုအခွင့်အာဏာအားလုံးထံသို့လည်း ဝန်ခံခြင်းရှိစေဖို့ တောင်းဆိုနေသည် - ရော၊၁၃း၁-၇။ ၂ကော၊၁၀း၈။ ၁၃း၁၀။ ဟေမြဲ၊၁၃း၁၇။
3. ဘုရားသခင်၏ သွယ်ဝိုက်အခွင့်အာဏာထံသို့ ဝန်ခံခြင်းမရှိသောသူတို့သည် ဘုရားသခင်၏ တိုက်ရိုက်အခွင့်အာဏာထံသို့ ဝန်ခံနိုင်ခြင်းမရှိပေ။
4. ဘုရားသခင်သည် ကျွန်ုပ်တို့အား သွယ်ဝိုက်အခွင့်အာဏာ - ကိုယ်စားပြုအခွင့်အာဏာများ - ထံသို့ ဝန်ခံခြင်းရှိစေလိုသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုင်ရာ မစထောက်ပံ့မှုကို ရရှိနိုင်ပေမည်။

H. ကျွန်ုပ်တို့အားလုံးကို အခွင့်အာဏာကို တွေ့ဆုံရမည်၊ ဘုရားသခင်အားဖြင့် ကန့်သတ်တင်းကျပ်ခံရမည်၊ ကိုယ်တော်၏ ကိုယ်စားပြုအခွင့်အာဏာအားဖြင့် ဦးဆောင်ခံရမည် ဖြစ်သည် - ဟေရှာ၊၃၇း၁၆။ ဖိ၊၂း၁၂။ ဟေဗြဲ၊၁၃း၁၇။

**III. စကြဝဠာ၌ ကြီးမားသော မှုအလေ့အလာနှစ်ခုရှိသည် - ဘုရားသခင်၏အခွင့်အာဏာနှင့် စာတန်၏ ပုန်ကန်ခြင်း ဖြစ်သည်။ ဘုရားသခင်နှင့် စာတန်အကြား အတုမဲ့သော အငြင်းပွားမှုမှာ အခွင့်အာဏာနှင့် သက်ဆိုင်သည် - တ၊၂၆း၁၈။ ကော၊၁း၁၃။**

A. ပုန်ကန်ခြင်းသည် ဘုရားသခင်၏အခွင့်အာဏာကို ငြင်းပယ်ခြင်းနှင့် ဘုရားသခင်၏ အုပ်စိုးမှုကို ပစ်ပယ်ခြင်းဖြစ်သည်။

1. စာတန်သည် မူလအစက ဘုရားသခင်ဖန်ဆင်းထားသည့် ကောင်းကင်တမန်မင်းဖြစ်သည်၊ သို့သော် သူ၏မာနကြောင့် မိမိကိုယ်ကို ချီးမြှောက်ခဲ့ပြီး၊ ဘုရားသခင်၏အုပ်စိုးစီမံမှုကို ချိုးဖောက်ကာ၊ ဘုရားသခင်ကို ပုန်ကန်ခဲ့ပြီး၊ ဘုရားသခင်၏ ရန်ဘက်ဖြစ်လာကာ၊ မိမိကိုယ်ပိုင်နိုင်ငံကို တည်ထောင်ခဲ့သည် - ဟေရှာ၊၁၄း၁၂-၁၄။ ယေဇ၊၂၈း၂-၁၉။ မ၊၁၂း၂၆။

2. လူသည် အပြစ်ပြုသောအခါ သူသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ပြီး၊ ဘုရားသခင်၏အခွင့်အာဏာကို ငြင်းပယ်၍၊ ဘုရားသခင်၏အုပ်စိုးမှုကို ပစ်ပယ်ခဲ့သည်။ ဗာဗေလ၌ လူတို့သည် ဘုရားသခင်၏အခွင့်အာဏာကို မြေကြီးပေါ်မှ ရုပ်သိမ်းစေဖို့ ဘုရားသခင်ကို စုပေါင်းလျက် ပုန်ကန်ခဲ့ကြသည် - က၊၃း၁-၆။ ၁၁း၁-၉။

B. စာတန်သည် ဘုရားသခင်၏အခွင့်အာကို ဆန့်ကျင်ပုန်ကန်ခဲ့ပြီး၊ လူသည် ကိုယ်တော်ကို ဆန့်ကျင်ပုန်ကန်ခြင်းအားဖြင့် ကိုယ်တော်၏အခွင့်အာဏာကို ပြစ်မှားချိုးဖောက်ခဲ့သော်လည်း၊ ဘုရားသခင်သည် ဤပုန်ကန်ခြင်းကို ဆက်လက်ရှိနေခွင့်မပေးပါ။ ကိုယ်တော်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏နိုင်ငံတော်ကို တည်ထောင်လိမ့်မည်ဖြစ်သည် - ဗျာ၊၁၁း၁၅။

C. စကြဝဠာ၏ အငြင်းပွားခြင်းအလယ်ဗဟိုသည် မည်သူ၌ အခွင့်အာဏာရှိသည်ဟူသောအရာနှင့် ဆက်နွှယ်နေသည် - ၄း၂-၃။

1. ကျွန်ုပ်တို့သည် အခွင့်အာဏာမှာ ဘုရားသခင်နှင့်အတူရှိကြောင်း ရဲဝံ့ပြတ်သားစွာပြောဆိုခြင်းအားဖြင့် စာတန်ကို ဆိုင်ပြိုင်တိုက်လှန်ရမည်ဖြစ်သည် - တ၊၁၇း၂၄၊ ၃၀။

2. ကျွန်ုပ်တို့သည် ဘုရားသခင်၏အခွင့်အာဏာထံသို့ မိမိကိုယ်ကို ဝန်ခံလျက်၊ ဘုရားသခင်၏အခွင့်အာဏာကို ကိုင်စွဲထိန်းသိမ်းထားရမည်ဖြစ်သည် - မ၊၁၁း၂၅။

D. ပုန်ကန်ခြင်းအပြစ်သည် အခြားမည်သည့်အပြစ်အမျိုးအစားထက်မဆို ပို၍ စိုးရိမ်ဖွယ် ဖြစ်သည် - ၁ရှမွေ၊၁၅း၂၃။

**IV. အခွင့်အာဏာ (ကိုယ်စားပြုအခွင့်အာဏာ) ဖြင့် ဘုရားသခင်ကို ကိုယ်စားပြုသော ပုဂ္ဂိုလ်သည် အောက်ဖော်ပြပါ အရည်အချင်းများ ရှိရမည်ဖြစ်သည်။**

A. သူသည် အခွင့်အာဏာထံ ဝန်ခံခြင်း ရှိရမည် - မ၊၈း၈-၉။

B. သူသည် မိမိကိုယ်တိုင်၌ မည်သည့်အခွင့်အာဏာမျှ မရှိကြောင်း သိမှတ်နားလည်ရမည် - ၂၈း၁၈။ ၂ကော၊၁၀း၈။ ၁၃း၁၀။

C. သူသည် ဘုရားသခင်၏အလိုတော်ကို သိရမည် - ဧ၊၁း၉။ ၅း၁၇။

D. သူသည် အတ္တကို ငြင်းပယ်သောသူ ဖြစ်ရမည် - မ၊၁၆း၂၄။

E. သူသည် သခင်ဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ပြီး၊ သခင်ဘုရားနှင့်အတူ အဆက်မပြတ်သော၊ ရင်းနှီးကျွမ်းဝင်သော မိတ်သဟာယဖွဲ့ခြင်း၌ အသက်ရှင်ရမည် - ၁ကော၊၆း၁၇။ ၁း၉။ ၁ယော၊၁း၃။

F. သူသည် အတွင်းခံစားမှုဆိုင်ရာမဖြစ်ရပါ၊ မိမိကိုယ်ပိုင်ခံစားမှုအတိုင်း ပြုမူခြင်း မရှိရပါ - ၂ကော၊၃း၅။

G. သူသည် အခြားသူများနှင့် ဆက်ဆံဖြေရှင်းရာတွင် ကြင်နာခြင်းနှင့် သဘောထားကြီးခြင်း ရှိရမည် - လု၊၆း၃၅။ ညွှန်း၊ ရော၊၅း၁၅-၁၆။ ၁ကော၊၂း၁၂။

H. သူသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ပုဂ္ဂိုလ်ဖြစ်၍၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက်၌ အသက်ရှင်ရည် - ၂ကော၊၁း၉။ ၄း၁၄။

I. သူသည် ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချခြင်းကို ယူဆောင်ရမည် - စာရင်း၊၁၄း၅။ ၁၆း၃-၄၊ ၂၂၊ ၄၅။ မ၊၁၁း၂၉။ ရော၊၁၂း၁၆။ လု၊၁၄း၇-၁၁။ ၁ပေ၊၅း၅-၆။

J. သူသည် ပြစ်မှားစော်ကားခြင်းများကို သည်းခံနိုင်စွမ်းရှိရမည် -ထွ၊၁၆း၇။ စာရင်း၊၁၄း၂၊ ၅၊ ၉၊ ၂၇။ မ၊၆း၁၄-၁၅။ ၁ကော၊၄း၆-၁၃။

K. သူသည် မိမိ၏ မတတ်နိုင်ခြင်းနှင့် သင့်လျော်မှုမရှိခြင်းကို သိခြင်း ရှိရမည် - ထွ၊၃း၁၁။ ၄း၆-၇၊ ၁၀။ ၂ကော၊၃း၅။ ၁ကော၊၁၅း၁၀။

L. သူသည် ဘုရားသခင်ကို သင့်လျော်မှန်ကန်စွာ ကိုယ်စားပြုသူ ဖြစ်ရမည် - စာရင်း၊၂၀း၂-၁၃။ ၂ကော၊၅း၁၈၊ ၂၀။ ဧ၊၆း၂၀။

## V. အရေးအကြီးဆုံးသော ဆုတောင်းခြင်းနှင့် ဝိညာဉ်ရေးရာအရှိဆုံးသော ဆုတောင်းခြင်းမှာ အခွင့်အာဏာ၏ ဆုတောင်းခြင်းဖြစ်သည် - မ၊၁၈း၁၈။ မာ၊၁၁း၂၀-၂၄။

A. အခွင့်အာဏာ၏ ဆုတောင်းခြင်းသည် အခွင့်အာဏာအပေါ် အခြေခံသော အမိန့်ပေးခြင်းဖြစ်သည် - ဟေရှာ၊၄၅း၁၁။ မာ၊ ၁၁း၂၀-၂၄။

1. အခွင့်အာဏာ၏ ဆုတောင်းခြင်းသည် အမိန့်ပေးသော ဆုတောင်းခြင်းဖြစ်သည် - ဟေရှာ၊၄၅း၁၁။
2. ကျွန်ုပ်တို့သည် ဘုရားသခင့်ရှေ့တော်၌ အလေးချိန်စီးသော တန်ဖိုးရှိသော ဆုတောင်းခြင်းများ ရှိလိုပါက၊ ဘုရားသခင့်ရှေ့တော်၌ ကျွန်ုပ်တို့သည် အခွင့်အာဏာသုံးသော အမိန့်ပေးခြင်းအချို့ကို ပေးနိုင်စွမ်းရှိရန် လိုအပ်သည် - မာ၊၁၁း၂၃။

B. အခွင့်အာဏာ၏ဆုတောင်းခြင်းသည် သွင်ပြင်နှစ်ခုရှိသည် - ချည်နှောင်ခြင်းနှင့် ဖြေလွှတ်ခြင်း တို့ဖြစ်သည် - မ၊၁၈း၁၈။

1. သာမန်ဆုတောင်းခြင်းများမှာ ဘုရားသခင်အား ချည်နှောင်ရန်နှင့် ဖြေလွှတ်ရန် တောင်းလျှောက်သော ဆုတောင်းခြင်းများ ဖြစ်သည်။
2. အခွင့်အာဏာဖြင့် ဆုတောင်းခြင်းများမှာ ကျွန်ုပ်တို့က အခွင့်အာဏာကို လေ့ကျင့်ခြင်းအားဖြင့် ချည်နှောင်ခြင်းနှင့် ဖြေလွှတ်ခြင်းပြုသော ဆုတောင်းခြင်းများဖြစ်သည်။

C. အခွင့်အာဏာဖြင့် ဆုတောင်းခြင်းသည် မာကု ၁၁း၂၀-၂၄ ၏ဆုတောင်းခြင်းကို ဆုတောင်းခြင်း ဖြစ်သည် - ယင်းမှာ ဘုရားသခင်ထံသို့ ဦးတည်သော ဆုတောင်းခြင်းမဟုတ်ဘဲ၊ "ဤတောင်"သို့ ဦးတည်သောဆုတောင်းခြင်းဖြစ်သည် - အငယ်၊၂၃။

1. အခွင့်အာဏာဖြင့် ဆုတောင်းခြင်းသည် ဘုရားသခင်အား တစ်စုံတစ်ရာလုပ်ဆောင်ရန် တောင်းခြင်းမဟုတ်ပါ၊ ထိုအစား ၎င်းသည် ဘုရားသခင်၏အခွင့်အာဏာကို လေ့ကျင့်ပြီး၊ ပြဿနာများနှင့် ဖယ်ရှားခြင်းခံရသင့်သည့် အရာများကို ဆက်ဆံဖြေရှင်းရန် ဤအခွင့်အာဏာကို အသုံးပြုခြင်း ဖြစ်သည် - အငယ်၊၂၃။
2. အခွင့်အာဏာဖြင့် ဆုတောင်းခြင်းသည် ဘုရားသခင်ကို တိုက်ရိုက် တောင်းလျှောက်ခြင်းမဟုတ်ပါ၊ ထိုအစား ၎င်းသည် ဘုရားသခင်၏အခွင့်အာဏာကို တိုက်ရိုက်အသုံးပြုခြင်းအားဖြင့် ပြဿနာများကို ဖြေရှင်းခြင်းဖြစ်သည် - ထွ၊၁၄း၁၅-၂၇။
3. အောင်မြင်သောသူများ၏ အရေးအကြီးဆုံးသောအလုပ်မှာ ပလ္လင်တော်၏ အခွင့်အာဏာကို မြေကြီးပေါ်သို့ ယူဆောင်လာရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် အောင်မြင်သောသူတစ်ဦးဖြစ်လိုလျှင် အခွင့်အာဏာဖြင့် ဆုတောင်းရန်နှင့် ထိုတောင်ကို စကားပြောရန် ကျွန်ုပ်တို့ သင်ယူရမည်ဖြစ်သည် - ဗျာ၊၁၁း၁၅။ ၁၂း၁၀။

D. အသင်းတော်သည် အခွင့်အာဏာဖြင့် ဆုတောင်းသောအခါ ၎င်းက မရဏာနိုင်ငံအပေါ် အုပ်စိုးနေသည် - မ၊၁၆း၁၈။

1. အသင်းတော်သည် စာတန်ဆိုင်ရာအရာမှန်သမျှအပေါ်မှာ အုပ်စိုးရန် အခွင့်အာဏာရှိသည်။
2. အသင်းတော်သည် ဆုတောင်းခြင်းနည်းလမ်းအားဖြင့် ဝိညာဉ်ဆိုးများ၏ လှုပ်ရှားလုပ်ဆောင်မှုအားလုံးကို အနိုင်ယူလွှမ်းမိုးသင့်ပြီး၊ ဆုတောင်းခြင်းမှတစ်ဆင့် အုပ်ချုပ်စိုးစံခြင်းကို လေ့ကျင့်ခြင်း ရှိသင့်သည် - လု၊၁၀း၁၇-၁၉။ မ၊၁၈း၁၈။

E. ကျွန်ုပ်တို့သည် အခွင့်အာဏာဆုတောင်းခြင်းကို ဆုတောင်းလိုလျှင် ကျွန်ုပ်တို့ ပထမဦးစွာ မိမိကိုယ်ကို ဘုရားသခင်၏အခွင့်အာဏာထံ ဝန်ခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အဆင့်အနေအထားနှင့်စပ်လျဉ်း၍ ဘုရားသခင်၏အခွင့်အာဏာထံသို့ ဝန်ခံခြင်း၊ ကျွန်ုပ်တို့နေ့စဉ် အသက်ရှင်ခြင်းနှင့် လက်တွေ့ကျသောအရာများအားလုံး၌ ကိုယ်တော်၏အခွင့်အာဏာထံ ဝန်ခံခြင်း မရှိခဲ့လျှင်၊ ကျွန်ုပ်တို့သည် အခွင့်အာဏာဖြင့် ဆုတောင်းနိုင်မည်မဟုတ်ပါ - ဟေရှာ၊၄၅း၁၁။ ၁ပေ၊၅း၆။ ဗျာ၊၂၂း၁။

F. အခွင့်အာဏာ၏ ဆုတောင်းခြင်းသည် ကောင်းကင်ကို ၎င်း၏ အစပြုရာအချက်နှင့် မြေကြီးကို ၎င်း၏လမ်းဆုံးပန်းတိုင်အဖြစ် ထားရှိသည် - သီ၊၄း၈။ ၆း၁၀။ ဧ၊၁း၂၂-၂၃။ ၂း၆။ ၆း၁၈။

1. အခွင့်အာဏာဖြင့် ဆုတောင်းခြင်းသည် ကောင်းကင်မှ မြေကြီးသို့ ဆုတောင်းခြင်းဖြစ်သည်။ ၎င်းသည် ကောင်းကင်ဆိုင်ရာအဆင့်အနေအထားမှ အစပြု၍ ကောင်းကင်မှ မြေကြီးသို့ အောက်ဘက် ဆင်းသွားသည် - ၂း၆။

2. အောက်ဘက်သို့ ဆုတောင်းခြင်းသည် ကောင်းကင်ဆိုင်ရာများ၌ ခရစ်တော်ပေးထားသော အဆင့်နေရာ၌ ရပ်တည်ခြင်း၊ စာတန်ကို အခွင့်အာဏာဖြင့် အမိန့်ပေးခြင်းနှင့် သူ၏လုပ်ဆောင်မှုအားလုံးကို ပစ်ပယ်ခြင်း၊ ဘုရားသခင်မိန့်တော်မူသမျှအားလုံးသည် ပြီးမြောက်ပြည့်စုံသင့်ကြောင်း အခွင့်အာဏာဖြင့် ကြွေးကြော်ခြင်း ဖြစ်သည် - မ၊၆း၉-၁၀။

G. ဆုတောင်းခြင်း၏ အဆင့်နေရာသည် တက်ကြွခြင်းဖြစ်ပြီး၊ ဆုတောင်းခြင်း၏ အခွင့်အာဏာသည်လည်း တက်ကြွခြင်းဖြစ်သည်။ တက်ကြွခြင်း၌ရှိသော ဆုတောင်းခြင်းများအားလုံးသည် အခွင့်အာဏာ၏ဆုတောင်းခြင်းများဖြစ်သည် - ဧ၊၂း၆။ ၁း၂၂-၂၃။

1. အခွင့်အာဏာ၏ဆုတောင်းခြင်းသည် တက်ကြွခြင်းအဆင့်နေရာ၌ ရပ်တည်ခြင်းအားဖြင့် အမိန့်ပေးခြင်းပြုနိုင်သောသူအားဖြင့် ဆုတောင်းခြင်း ဖြစ်သည် - ဟေရှာ၊၄၅း၁၁။

2. ကျွန်ုပ်တို့သည် တက်ကြွခြင်းအဆင့်နေရာ၌ ရှိမည်ဆိုလျှင် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ဘုရားသခင်၏စီမံခန့်ခွဲခြင်းနှင့် ညီမျှလိမ့်မည်ဖြစ်သည်။ ၎င်းသည် ကိုယ်တော်၏အမိန့်တော်များကို စီရင်ဆောင်ရွက်ခြင်း ဖြစ်လိမ့်မည် - ဗျာ၊၈း၃-၅။

H. ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာအဆင့်နေရာနှင့် ကောင်းကင်ဆိုင်ရာ အခွင့်အာဏာ ရရှိရာနေရာသို့ ရောက်လာ၍၊ ထိုသို့ အခွင့်အာဏာပြသော ဆုတောင်းခြင်းများကို မြွက်ဟပြောဆိုနိုင်ခြင်း ရှိလာသောအခါ၊ ကျွန်ုပ်တို့သည် ပလ္လင်ပေါ်တွင် ရှိကြပြီး၊ သခင်ဘုရားနှင့်အတူ စိုးစံနေကြသည် - ဧ၊၂း၅-၆။ ဗျာ၊၃း၂၁။ ညွှန်း၊ ယေဇ၊၁း၂၆။

1. ဤအချိန်တွင် ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် အခွင့်အာဏာပြသသော ဆုတောင်းခြင်းမျှသာမက၊ စိုးစံသော ဆုတောင်းခြင်းလည်း ဖြစ်ကာ၊ ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ဘုရားသခင်၏စီမံခန့်ခွဲခြင်း၊ ဘုရားသခင်၏အုပ်စိုးမှုကို စီရင်ဆောင်ရွက်ခြင်း ဖြစ်လာသည် - ရော၊၅း၁၇၊ ၂၁။ မ၊၁၈း၁၈။ ဗျာ၊၈း၃-၅။

2. ကျွန်ုပ်တို့သည် သင်ယူရန် လိုလားဆန္ဒရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့က ဘုရားသခင်၏ထာဝရအကြံအစည်တော် ပြီးမြောက်ပြည့်စုံခြင်းအတွက် ထိုသို့သော ဆုတောင်းချက်များကို မြွက်ဆိုနိုင်သောနေရာသို့ ကျွန်ုပ်တို့ ရောက်ရှိလာလိမ့်မည်ဖြစ်သည် - ဧ၊ ၁း၁၀-၁၁။ ၃း၉-၁၁။

© 2025 Living Stream Ministry